# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြေီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်၊ စနေနေ့။ Saturday, 29 July 2023 ၁၁၁၇၁


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ လင်းလွှန်းပင်အား ဦးဆောင်စိုက်ပျိုးပေး

**နေပြည်တော် ဇူလိုင် ၂၈**

၂၀၂၃ ခုနှစ် ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထား ကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ လင်းလွှန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✫




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် လင်းလွှန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။




ကြေးမုံ

# နိုင်ငံ့စီးပွားမြှင့်တင်ရေး အလေးထားဆောင်ရွက်

မြန်မာနိုင်ငံတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ဘက်စုံကဏ္ဍစုံ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ထုတ်ကုန်များပိုမိုထုတ်လုပ်ပြီး သွင်းကုန်များကို လျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများသည် နိုင်ငံ့စီးပွားမြှင့်တင်ရာ၌ စိန်ခေါ်မှုများဖြစ်နေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "တရားမဝင်ကုန်သွယ်မှုများနှင့် သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်ခြင်းများသည် မိမိတို့နိုင်ငံ့စီးပွားရေးအပေါ် ထိုးနှက်ချက်များပင်ဖြစ်ကြောင်း" နိုင်ငံ့စီးပွားမြှင့်တင်ရေးအစည်းအဝေးတွင် ပြောကြားခဲ့သည်။ ထို့အပြင် "ကုန်စည်ပို့ဆောင်ရေးနှင့် ပတ်သက်ပြီး လမ်းခရီးတွင်ရှိသောဂိတ်များ၌ မလိုလားအပ်သည့် ကုန်ကျစရိတ်များ မရှိစေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်သွားရန်" အခြေခံစားသုံးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေးအစည်းအဝေးတွင် ပြောကြားခဲ့သည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင် အဟန့်အတားဖြစ်နေသည့် တရားမဝင်ကုန်သွယ်မှုကို ထိရောက်စွာတိုက်ဖျက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီသည် လုပ်ငန်းလမ်းညွှန်၊ စစ်ဆေးကြပ်မတ်၊ တားဆီးမှုများကို မျက်ခြည်မပြတ်ဆောင်ရွက်လျက်ရှိရာ တရားမဝင်ကုန်ပစ္စည်းများကို နှစ်စဉ်တိုးတက်ဖမ်းဆီးရမိလျက်ရှိသည်။ သို့သော် တရားမဝင်ကုန်သွယ်မှုများသည် လျော့နည်းကျဆင်းသွားခြင်းမရှိဘဲ ဆက်လက်လုပ်ကိုင်ဆောင်ရွက်နေကြသည်ကိုတွေ့ရသည်။

မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ ရှည်လျားသည့် နယ်စပ်မျဉ်းတစ်လျှောက်တွင် တရားမဝင် ဝင်ထွက်ပေါက်များရှိနေသည်။ နယ်စပ်မှောင်ခိုရှောင်ကွင်းလမ်းများအပြင် တရားဝင်နယ်စပ်ဂိတ်များတွင် တာဝန်ကျနိုင်ငံ့ဝန်ထမ်းများ၏ အားနည်းချက်များကြောင့် တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်နေသည်။ တရားမဝင်ကုန်ပစ္စည်းများကို ဖော်ထုတ်ဖမ်းဆီးနေသည့်ကြားမှ နိုင်ငံအတွင်းပိုင်းအထိ ဝင်ရောက်နေသည်။ ထို့ကြောင့် "တရားမဝင်ကုန်ပစ္စည်းများ သိမ်းဆည်းနိုင်မည့် သိုလှောင်ရုံများနှင့် ဈေးကွက်များအထိ ဝင်ရောက်စစ်ဆေး အရေးယူဆောင်ရွက်ရန်လိုကြောင်း" တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌက အသိပေးပြောကြားထားသည်။

တရားမဝင်ကုန်ပစ္စည်းများ နိုင်ငံအတွင်းသို့ ဝင်ရောက်လာခြင်းကို ကုန်သည်အချင်းချင်းသိရှိကြသည်။ ထို့ကြောင့် နိုင်ငံ့အကျိုးစီးပွား၊ မိမိတို့၏အကျိုးစီးပွားကို ရှေးရှု၍သိလျှင်သိချင်း သက်ဆိုင်ရာသို့ အသိပေးအကြောင်းကြားရန်လိုအပ်ပေသည်။ တရားမဝင်ကုန်သွယ်မှုများ ဆက်လက်ဖြစ်ပေါ်နေခြင်း၏ အဓိကအကြောင်းရင်းမှာ အစိုးရ၏မူဝါဒ၊ ရောင်းလိုအားနှင့်ဝယ်လိုအား၊ ပွင့်လင်းမြင်သာမှုနှင့်ကုန်သွယ်မှု၊ အကောက်ခွန်လုပ်ငန်းဝန်းကျင် စသည်တို့ဖြစ်သည်။ ထို့အပြင် နိုင်ငံအတွင်းလုံခြုံရေးအရ လိုအပ်ချက်ရှိနေသည့် နယ်စပ်ဒေသများရှိနေခြင်း၊ နယ်စပ်ဒေသများမှာ ရှည်လျားသဖြင့် နိုင်ငံအချင်းချင်း လွယ်ကူစွာဖြတ်သန်းနိုင်သည့် နေရာအများအပြားရှိခြင်းကြောင့် လုံခြုံရေးအရ စောင့်ကြည့်ထိန်းသိမ်းရန်ခက်ခဲခြင်း၊ ဥပဒေအရအားနည်းချက်များရှိခြင်း၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြသည့် ဝန်ထမ်းအင်အားနှင့် စွမ်းဆောင်ရည်နိမ့်ကျခြင်း၊ အကျင့်ပျက်ခြစားမှုရှိခြင်း စသည့်အချက်များသည် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာတွင် စိန်ခေါ်မှုများဖြစ်နေသည်။

မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်ဖက်ဖြစ်သည့် မြန်မာ-ထိုင်း နှစ်နိုင်ငံ ကုန်သွယ်မှု ၂၀၂၂ ခုနှစ် မေလမှ ၂၀၂၃ ခုနှစ် ဧပြီလစာရင်းတွင် ထိုင်းနိုင်ငံ၏ ထုတ်ပြန်ချက်အရ ထိုင်းနိုင်ငံပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၃၂ ဘီလီယံဖြစ်ပြီး မြန်မာနိုင်ငံဘက်မှ စာရင်းများအရ မြန်မာ-ထိုင်း ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၉၃ ဘီလီယံဖြစ်၍ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃၉ ဘီလီယံ ကွာခြားနေသည်။ ထို့ကြောင့် နှစ်နိုင်ငံကုန်သွယ်မှုစာရင်းတွင် တစ်နှစ်အတွင်း ကွာခြားချက်ဖြစ်ပေါ်နေခြင်းသည် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ ဆက်လက်အားကောင်းနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

တရားဝင်ကုန်သွယ်မှု ချောမွေ့စေရေးအတွက်လည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွင့်လှစ်ထားသည့် ကုန်သွယ်ရေးစခန်းများ၊ စစ်ဆေးရေးစခန်းများနှင့် လုံခြုံရေးဂိတ်များတွင် လာဘ်ပေးလာဘ်ယူမှုများမရှိစေရေး၊ မလိုအပ်ဘဲ အချိန်ကြန့်ကြာမှုများမဖြစ်စေရေး အလေးထား ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် လာဘ်ပေးလာဘ်ယူမှုများ ဖော်ထုတ်တွေ့ရှိရပါက တာဝန်ရှိသူအဆင့်ဆင့်ကို ထိထိရောက်ရောက်အရေးယူရန် ဦးဆောင်ကော်မတီဥက္ကဋ္ဌက လမ်းညွှန်မှာကြားထားသည်။ သို့ဖြစ်ရာ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် တရားမဝင်ကုန်သွယ်မှုများကို လမ်းညွှန်ချက်များနှင့်အညီ အလေးထားလိုက်နာဆောင်ရွက်ရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ထန်းတပင်မြို့နယ်၌ လှိုင်မြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေငါးသိန်း မျိုးစိုက်ထည့်

**ထန်းတပင် ဇူလိုင် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အမှတ်(၄)ရပ်ကွက် ကျွန်းငူကမ်းနားရှိ လှိုင်မြစ်အတွင်းသို့ ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက ငါးသားပေါက်ကောင်ရေငါးသိန်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

**ငါးမျိုးစိုက်ထည့်**

ငါးမျိုးစိုက်ထည့်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများက လှိုင်မြစ်သဘာဝရေပြင်အတွင်းသို့ ငါးခုံးမသားပေါက်ကောင်ရေလေးသိန်းနှင့် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေတစ်သိန်း စုစုပေါင်းငါးသားပေါက်ကောင်ရေငါးသိန်းကို မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။



ဇင်မင်းထိုက်(ထန်းတပင်)

## ပေါင်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ပေါင် ဇူလိုင် ၂၈**

မွန်ပြည်နယ် ပေါင်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အသင်းနာယက ဦးမြင့်အောင်က အမှာစကားပြောကြားပြီး မွန်ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် ကျေးရွာများတွင် သမဝါယမအသင်းခွဲသစ်များဖွဲ့စည်း၍ ကန်ထရိုက်လယ်ယာစနစ်ဖြင့်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ အသင်းစုမှ ဦးအေးမင်းက မြို့နယ်အကျိုးတူ ပေါင်မြို့နယ် အသင်းစု BOD အဖွဲ့အနေဖြင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ထို့အပြင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများနှင့် ဂုဏ်ထူးရရှိသည့် အသင်းသားများ၏ သားသမီးများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးကြပြီး အသင်းသားများ၏ နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး(ဇ/လ)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၈-၇-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၆၂၄ | ၅,၂၄၁,၆၀၀ |
| MTSH | ၂,၈၀၀ | ၂,၉၀၀ | ၂,၉၈၈ | ၈,၆၁၅,၆၀၀ |
| MCB | ၇,၄၀၀ | ၇,၅၀၀ | ၂၃ | ၁၇၁,၂၀၀ |
| FPB | ၁,၅၀၀ | ၁,၅၅၀ | ၃,၆၇၂ | ၅,၆၁၆,၀၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၁ | ၂,၅၀၀ |
| EFR | ၂,၄၀၀ | ၂,၄၅၀ | ၉၀၀ | ၂,၁၉၅,၀၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၂၃၇ | ၁,၁၃၇,၆၀၀ |
| MAEX | ၁,၈၀၀ | ၁,၈၀၀ | ၁၂,၈၂၁ | ၂၂,၉၂၂,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် **မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း ဥယျာဉ်စိမ်းလန်းစိုပြည်သာယာပြီး ဘုရားဖူးလာရဟန်းရှင်လူပြည်သူများ စိတ်ကြည်လင်အေးချမ်းစေရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့ပြီး ဇီဝမျိုးစုံမျိုးကွဲများ ပေါများကြွယ်ဝစေရေး၊ ရာသီဥတုသာယာမျှတစေရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာစေရေးအတွက် ရည်ရွယ်၍ ယခုသစ်ပင်စိုက်ပွဲတော်ကို ကျင်းပခြင်းဖြစ်ပါ**ကြောင်း။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံး ကျောက်သားစစ်စစ် ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူပင်ဖြစ်ပါကြောင်း၊ ယခုကျင်းပပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတွင် မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ်ရာ ဗုဒ္ဓရုပ်ပွားတော်မြတ်တည်ရှိသည့် ဥယျာဉ်ဝင်းအတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် လင်းလွန်းပင်၊ လုမ္ဗိနီအင်ကြင်းပင်နှင့် ကံ့ကော်ပင်စသည့် သစ်မျိုး ၁၇ မျိုး၊ အပင်ပေါင်း ၂၁၈၁ ပင်ကို စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း။

**အထိမ်းအမှတ်အပင်ဖြစ်**

ယနေ့စိုက်ပျိုးရာတွင် ပါဝင်သည့် လင်းလွန်းပင်သည် တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်ကို ပထမဆုံးသော အနုမောဒနာတရားဟောကြားပြီး ပထမဦးဆုံး ဆံတော်ပေးအပ်သည့်နေရာဖြစ်သကဲ့သို့ သရဏဂုံနှစ်ပါးစတင်ရာနေရာ၏ အထိမ်းအမှတ်အပင် ဖြစ်ပါကြောင်း၊ အလားတူ လုမ္ဗိနီအင်ကြင်းပင်သည်လည်း မြတ်ဗုဒ္ဓဖွားတော်မူရာနေရာ၏ အထိမ်းအမှတ်အပင်ဖြစ်ပါကြောင်း။

ပွင့်တော်မူပြီးသည့် နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားရှင်များသည် ဥယျာဉ်၊ သစ်တောများရှိ ဗောဓိပင်ရင်းများ၌ ဘုရားအဖြစ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် သစ်တောသစ်ပင်များစိုက်ပျိုးခြင်းသည် ဗုဒ္ဓသာသနာတော် ထွန်းလင်းပွင့်လန်းစေရေး ကောင်းမွန်မြင့်မြတ်သည့် အစဉ်အလာနှင့် အထောက်အပံ့ကောင်းတစ်ခု ဖြစ်ပါကြောင်း။

**ဗုဒ္ဓ၏ အဆုံးအမတရားတော်၌ ထာဝရကုသိုလ်ခြောက်ပါး ရှိသည့်အနက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်တစ်ပါးဖြစ်**ပါကြောင်း၊ **သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်ဆောက်လုပ် လှူဒါန်းခြင်းနှင့် အခြားထာဝရကုသိုလ်များ ကဲ့သို့ပင် တူညီသည့် ကုသိုလ်ကို ရရှိခံစားနိုင်ပြီး အသက်ရှည်ကျန်းမာသည့် ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်**ပါကြောင်း။

ထို့ကြောင့်လည်း မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ဗောဓိညောင်ပင်၊ ကျည်းပင်၊ လင်းလွန်းပင်၊ လုမ္ဗိနီအင်ကြင်းပင်အစရှိသည့် ဗုဒ္ဓသာသနာနှင့် ဆက်စပ်နေသည့် အပင်မျိုးများအပါအဝင် သစ်ပင်မျိုးများစွာကို စိုက်ပျိုးပြုစုထိန်းသိမ်းထားပါကြောင်း၊ **“ဘုရားကျောင်းကန် စေတီရံလည်း သစ်ပင်ရှိမှ ပနံရလိမ့်”**ဟုဆိုသည့်အတိုင်း မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ်ရာ ဗုဒ္ဓရုပ်ပွားတော်မြတ် တည်ရှိသည့် ဥယျာဉ်ဝင်းအတွင်း စိမ်းလန်းသာယာစေရေး ယခုကဲ့သို့ ပြည်သူများနှင့် ပူးပေါင်းပြီး သစ်ပင်များ ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း။

**စနစ်တကျပြုစုထိန်းသိမ်း**

သစ်တောများ တည်ရှိရှင်သန်နေခြင်းသည် **“အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏ အကျိုးစီးပွားနှင့် အနာဂတ်၏ ဖွံ့ဖြိုးမှု”** ဖြစ်သည့်အတွက် စနစ်တကျပြုစုထိန်းသိမ်းရန် အလွန်အရေးကြီးပါကြောင်း၊ တစ်ပင်စိုက်၊ တစ်ပင်ရှင်သန်ပြီး စိုက်ပျိုးသမျှ အောင်မြင်အောင် ပြုစုထိန်းသိမ်းကြရမည် ဖြစ်ပါကြောင်း၊ သစ်ပင်သစ်တောများကို စိုက်ပျိုးပြုစုခြင်းသာမက သဘာဝသစ်တော သယံဇာတများကိုလည်း ရေရှည်တည်တံ့စေရေး ထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို သစ်တောကြိုးဝိုင်းများ၊ ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းနိုင်ရေးနှင့် ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းနိုင်ရေးအတွက် ရည်မှန်းချက်များ ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လည်း မှာကြားလိုပါကြောင်း။

**ထာဝရကုသိုလ်ရယူနိုင်**

နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စားရေရိက္ခာဖူလုံပြီး ကျန်းမာပျော်ရွှင်ရေးအတွက် သစ်ပင်သစ်တောများ၏အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ ဗုဒ္ဓဥယျာဉ်တော်ကြီး စိမ်းလန်းသာယာစိုပြည်ရေး၊ သစ်ပင်သစ်တောများ ရေရှည်တည်တံ့စေရေးအတွက် ဘက်စုံကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယခုသစ်ပင်စိုက်ပျိုးပွဲတော်မှသည် နိုင်ငံအဝန်းကျေးလက်မြို့ပြများ အားလုံး စိမ်းလန်းစိုပြည်သာယာစေရေး၊ မိမိပတ်ဝန်းကျင်နှင့် ကမ္ဘာမြေငြိမ်းချမ်းသာယာစေရေး၊ ထာဝရကုသိုလ်ရယူနိုင်ရေး သစ်ပင်သစ်တောများကို စိုက်ပျိုးထိန်းသိမ်းကြရမည် ဖြစ်ကြောင်းကို တိုက်တွန်း ပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က လင်းလွန်းပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက လင်းလွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လင်းလွန်းပင်ကို စိုက်ပျိုးပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်က လင်းလွန်းပင်ကို စိုက်ပျိုးပေးစဉ်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

☆ **ဗုဒ္ဓ၏အဆုံးအမတရားတော်၌ ထာဝရကုသိုလ်ခြောက်ပါးရှိသည့်အနက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်တစ်ပါးဖြစ်ပါကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်ဆောက်လုပ်လှူဒါန်းခြင်းနှင့် အခြားထာဝရကုသိုလ်များကဲ့သို့ပင် တူညီသည့်ကုသိုလ်ကို ရရှိခံစားနိုင်ပြီး အသက်ရှည်ကျန်းမာသည့် ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်**

# မာရဝိဇယဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော် မင်္ဂလာမော်ကွန်းကမ္ပည်းဖွင့်လှစ်ခြင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဥဏ္ဏာလုံမွေးရှင်တော် စီသွင်းပူဇော်ခြင်းနှင့် ကျောက်စာရုံစေတီတော်တွင် မော်ကွန်းကျောက်စာတော် တည်ထားပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ


ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်အတွင်းရှိ နောင်တော်ကြီးဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်စဉ်။

**နေပြည်တော် ဇူလိုင် ၂၈**

ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဥဘဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်လျက်ရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော် မင်္ဂလာမော်ကွန်း ကမ္ပည်းဖွင့်လှစ်ခြင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဥဏ္ဏာလုံမွေးရှင်တော် စီသွင်းပူဇော်ခြင်းနှင့် ကျောက်စာရုံ စေတီတော်တွင် မော်ကွန်း ကျောက်စာတော် တည်ထားပူဇော်ခြင်း မင်္ဂလာ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် သီးခြားစီကျင်းပပြုလုပ်ရာ ဦးဆောင် ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပူဇော်သည်။

အခမ်းအနားသို့ ဦးဆောင် ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲ ရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီး များနှင့် ဇနီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော် မင်္ဂလာမော်ကွန်းကမ္ပည်း ဖွင့်လှစ်ခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ရာ အခမ်းအနားမှူးက မင်္ဂလာမော်ကွန်းကမ္ပည်းစာတမ်းကို ဖတ်ကြားပြီး မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနာ့ဗိမာန်တော် မော်ကွန်း ကမ္ပည်း ကြေးပြားတော်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးသည်။

**ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်**

ထို့နောက် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်အတွင်းရှိ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ဆက်လက် ကျင်းပပြုလုပ်ရာ အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး အမှူးပြုသည့် ဧည့်ပရိသတ်များက ရတနတ္တယ ပူဇာဂါထာတော်နှင့် သမ္ဗုဒ္ဓေဂါထာ မေတ္တာပို့လင်္ကာနှစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ဥဏ္ဏာလုံမွေးရှင်တော် စီသွင်း ပူဇော်မည့် မင်္ဂလာနေရာသို့ တက်ရောက်နေရာယူသည်။ ထိုသို့ မင်္ဂလာနေရာသို့ တက်ရောက်နေရာယူစဉ် အခမ်းအနားမှူးက ဥဏ္ဏာလုံမွေးရှင်တော် စီသွင်းပူဇော်ခြင်း မဟာမင်္ဂလာအခါတော်စာတမ်းကို ဖတ်ကြားပူဇော်ပြီး မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနိုင်ငံတော် ဝန်ကြီးချုပ်က နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်ကာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)တို့က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များ ပက်ဖျန်း ပူဇော်သည်။

ထို့နောက် မုစလိန္ဒနဂါးရုံဘုရား ကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနား ဆက်လက် ကျင်းပပြုလုပ်ရာ အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်သည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ဥဏ္ဏာလုံမွေးရှင်တော် စီသွင်းပူဇော်မည့် မင်္ဂလာနေရာသို့တက်ရောက် နေရာယူပြီး မင်္ဂလာအချိန်တွင် ဦးဆောင် ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ **စာမျက်နှာ ၅ သို့ »»»**


ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော် မော်ကွန်းကမ္ပည်းကြေးပြားတော်အား စက်ခလုတ်နှိပ်ဖွင့်လှစ်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော် မော်ကွန်းကမ္ပည်းကြေးပြားတော်အား ပရိတ်နံ့သာရည် ပက်ဖျန်းပေးစဉ်။


ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော် မော်ကွန်းကမ္ပည်း ကြေးပြားတော်အား ပရိတ်နံ့သာရည် ပက်ဖျန်းပေးစဉ်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယ ကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်ကာ ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်စဉ်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မုစလိန္ဒ နဂါးရုံဘုရားကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်စဉ်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ပူဇော်ထားသည့် ကျောက်စာချပ်များကို တည်ထားပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်အတွင်းရှိ နှောင်တော်ကြီးဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်စဉ်။

**❂ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချ မဟာမင်္ဂလာ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့(ဓမ္မစကြာနေ့)၊ ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် နိုင်ငံတော်အဆင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်**

»»» **စာမျက်နှာ ၄ မှ**
နိုင်ငံတော် ဝန်ကြီးချုပ်က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်ကာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

**ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)တို့က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်သည်။

ထို့နောက် မာရဝိဇယ ကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်ရာ အခမ်းအနားကို "နမောတဿ"သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဥဏ္ဏာလုံမွေးရှင်တော် စီသွင်းပူဇော်မည့် မင်္ဂလာနေရာသို့ တက်ရောက်နေရာယူပြီး မင်္ဂလာအချိန်တွင် ဦးဆောင် ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်ကာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)တို့က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ထို့နောက်ကျောက်စာရုံစေတီတော်တွင် မော်ကွန်းကျောက်စာတော် တည်ထားပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်ရာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် မော်ကွန်း ကျောက်စာတော် တည်ထားပူဇော်မည့်မင်္ဂလာနေရာတွင် နေရာယူပြီး မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ပူဇော်ထားသည့် ကျောက်စာချပ်များကို တည်ထားပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) တို့က ကျောက်စာချပ်များအား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဖော်သည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး မာရဝိဇယဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော် မင်္ဂလာမော်ကွန်းကမ္ပည်း ဖွင့်လှစ်ခြင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဥဏ္ဏာလုံမွေးရှင်တော် စီသွင်းပူဇော်ခြင်းနှင့် ကျောက်စာရုံစေတီတော်တွင် မော်ကွန်းကျောက်စာတော် တည်ထားပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားများ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူခြင်း၊ ကျောက်စာရုံ စေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချ မဟာမင်္ဂလာ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့ (ဓမ္မစကြာနေ့)၊ ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် နိုင်ငံတော်အဆင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

## နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသကဲ့သို့ တရုတ်နိုင်ငံအနေဖြင့်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေများနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မိုခါမုန်တိုင်းကြောင့် ထိခိုက်မှုများဖြစ်ပွားချိန်တွင် တရုတ်နိုင်ငံမှ အကူအညီများပေးခဲ့သည့် အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းမှ လိမ်လည်မှုများ လျှော့နည်းပပျောက်ရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်တို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

### တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်နှင့်အတူ အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



# ငါန်းဇွန်မြို့နယ်၌ မြို့နယ်သမဝါယမအသင်းစုမှ သွင်းအားစုပံ့ပိုးပစ္စည်းများပေးအပ်ပွဲ ကျင်းပ

ငါန်းဇွန် ဇူလိုင် ၂၈

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် သမဝါယမအသင်းစုက မြို့နယ်အတွင်းရှိ ဘုရားထူး စိုက်/ထွေသမဝါယမအသင်းနှင့် ထမင်းဆိုင် စိုက်/ထွေသမဝါယမအသင်းများမှ အသင်းသား တောင်သူများအား သွင်းအားစုမြေဩဇာများပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက သမဝါယမအသင်းစု ရွှေရောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောခန္တီရိုန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းကိုကိုက သွင်းအားစုမြေဩဇာများထောက်ပံ့ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမအသင်းစု ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်က သွင်းအားစုမြေဆီများပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ထမင်းဆိုင် စိုက်/ထွေအသင်းမှ အသင်းသား ၃၆ ဦးနှင့် ဘုရားထူး စိုက်/ထွေအသင်းမှ အသင်းသား ၂၀ တို့၏ စုစုပေါင်း ၁၂၆ ဧကအတွက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သမဝါယမဦးစီးအရာရှိနှင့် မြို့နယ်သမဝါယမအသင်းစု ဒုတိယဥက္ကဋ္ဌတို့က တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀ နှုန်းနှင့်ညီမျှသည့် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၅၂ သိန်းရှိသော စမ်းဝတီသဘာဝမြေဩဇာ၊ ပုလဲမြေဩဇာနှင့် ကွန်ပေါင်းမြေဩဇာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီအား စတုတ္ထအကြိမ်မြောက် ပြန်လည်ပြင်ဆင်ဖွဲ့စည်း ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၈**

ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee –DEDC) ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/ ၂၀၂၃)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ နာယက ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ ငါးခုမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ DEDC Task Force မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ယနေ့ကမ္ဘာတစ်ဝန်းတွင်ရှိသည့် နိုင်ငံအသီးသီး၌ Digital Transformation ဟုခေါ်သည့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းလုပ်ငန်းစဉ်များကို ဦးစားပေးပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာကို အကျိုးရှိရှိအသုံးပြုပြီး အုပ်ချုပ်ရေး၊ အခြေခံအဆောက်အအုံနှင့် ကုန်သွယ်ရေး၊ ပညာရေး၊ လူမှုရေးအစရှိသည့် နယ်ပယ်အသီးသီးတွင် ဒစ်ဂျစ်တယ်အသွင်ကို ဟန်ချက်ညီညီ ကူးပြောင်းဆောင်ရွက်ကြခြင်းအားဖြင့် နိုင်ငံ၏ Digital Economy ဖွံ့ဖြိုးတိုးတက်လာပြီး The Global Value Chain ဟု ခေါ်သည့် ကမ္ဘာလုံးဆိုင်ရာတန်ဖိုးကွင်းဆက်ကို ချိတ်ဆက်လာနိုင်မည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းစဉ်များ အောင်မြင်နိုင်ရန် အစိုးရနှင့် ပုဂ္ဂလိက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် မိုဘိုင်းစနစ်သုံး မြန်နှုန်းမြင့်အင်တာနက်အနေဖြင့် နိုင်ငံ့လူဦးရေ၏ ၉၀ ရာခိုင်နှုန်းကို လွှမ်းခြုံနိုင်ပြီဖြစ်သော်လည်း Fixed Broad band တွင် သုံးစွဲသူ ၁ ဒသမ ၆ သန်းခန့်သာ ရှိနေသေးသည့်အတွက် မြန်နှုန်းမြင့်ဖိုင်ဘာအင်တာနက်ကို မြို့ကြီးများသာမက ကျေးလက်ဒေသအထိပါ လက်လှမ်းမီ အသုံးပြုသွားနိုင်ရန် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူများလိုအပ်သည့် ကျွမ်းကျင်မှုနှင့် နည်းပညာအသစ်များရရှိစေရန်နှင့် အင်တာနက်ကို လူမှုကွန်ရက်နှင့် ဖျော်ဖြေရေးအဆင့်များ ထက်ကျော်လွန်ပြီး စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် အကျိုးရှိစွာ သုံးစွဲနိုင်ရန် အရေးကြီးကြောင်း၊ MSME လုပ်ငန်းများအနေဖြင့် အင်တာနက်ကို အကျိုးရှိရှိအသုံးပြုပြီး မိမိတို့၏ ဝန်ဆောင်မှု၊ ထုတ်ကုန်များကို ဝက်ဘ်ဆိုက်များမှတစ်ဆင့် ကြော်ငြာမှုပြုလုပ်၍ ဈေးကွက်ရှာဖွေခြင်းနှင့် ငွေပေးချေမှုတွင်လည်း လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်ပေးမည်ဆိုပါက စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်ပြီး နိုင်ငံ၏စီးပွားရေးတိုးတက်လာစေမည်ဖြစ်ကြောင်း၊ e-Government အား ကျော်လွန်သွားပြီးနောက် Digital Government ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Digital Economy ၏ အဓိကကျသည့် မဏ္ဍိုင်တစ်ခုဖြစ်ပြီး Digital Trade နှင့် e-Commerce ကိုအောင်မြင်စွာ အကောင်အထည်ဖော်သွားနိုင်ရန် မလိုလားအပ်သည့်ဖြစ်ရပ်များကို တားဆီးနိုင်ရန်အတွက် ဥပဒေ၊ စည်းမျဉ်းများနှင့် ထိန်းကျောင်းရန် လိုအပ်ကြောင်း၊ ထို့ကြောင့် e-Commerce Law ကို ပြဋ္ဌာန်းသွားနိုင်ရေးအတွက် e-Commerce Law ရေးဆွဲရေးကော်မတီကို ၂၀၁၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ပထမမူကြမ်းကို ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက် (၁၂)ချက်နှင့်အညီ နိုင်ငံတကာနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်နေသည့် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပေါင်းစည်းရေးလုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိအောင် ရေးဆွဲပြီးဖြစ်သည့် Roadmap ကို ဖြည့်စွက်မွမ်းမံရန် လိုအပ်မည်ဖြစ်ကြောင်း။

ယနေ့အစည်းအဝေးသည် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီကို စတုတ္ထအကြိမ်မြောက် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ပထမဆုံးအကြိမ်ကျင်းပသော အစည်းအဝေးဖြစ်သည်နှင့်အညီ ဆပ်ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ကော်မတီ၏လုပ်ငန်းရပ်များ ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အခြားအကြံပြုလိုသည်များကို ပွင့်လင်းစွာ ဆွေးနွေးတင်ပြပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက DEDC ကော်မတီ၊ ဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၁၂)ရပ်ပါ စီးပွားရေးဦးတည်ချက်(၄)ရပ်နှင့်အညီဖြစ်စေရေး လိုအပ်သလို ပြင်ဆင်ဖြည့်စွက်သွားရန်၊ ဆပ်ကော်မတီအဖွဲ့ဝင်များကို လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ ပြင်ဆင်ဖြည့်စွက်ရန်၊ မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ(Myanmar Digital Economy Roadmap)ကို ခေတ်ကာလနှင့်အညီ ဖြစ်စေရေး၊ Action Plan များ/ Action Matrix များကို လက်တွေ့တွင် အမှန်တကယ်ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစဉ်များအဖြစ် ပြန်လည်ပြင်ဆင်ရေးဆွဲရန်နှင့် ယင်းလုပ်ငန်းများ ထိရောက်စွာအကောင်အထည်ဖော်ရေး DEDC Task Force ဖွဲ့စည်းနိုင်ရေးကိစ္စတို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီလက်အောက်ရှိ ဆပ်ကော်မတီ ငါးခုတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာဆပ်ကော်မတီအလိုက် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှုများအပေါ် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေး၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ချမှတ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက တက်ရောက်လာကြသည့် ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အချင်းချင်းပူးပေါင်းဆောင်ရွက်ပြီး သတင်းအချက်အလက်များဖလှယ်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်များ ချိတ်ဆက်/ဖလှယ် အသုံးပြုရေးအတွက် Standard Format စံသတ်မှတ်ချက် (Standardization)ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် ဆိုက်ဘာလုံခြုံရေးသတိမြှင့်တင်ပညာပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၂၈**

နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ ၂/၂၀၂၃ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင်နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန် လိုကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသန္တရဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက တိုင်းပြည်၏ပြည်တွင်းထုတ်ကုန်တန်ဖိုးကို တိုင်းတာတွက်ချက်ရာတွင် အရေးပါသည့် Indicator တစ်ခုအဖြစ် ပါဝင်နေကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖိတ်ခေါ်၍ ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးကို အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုကြောင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများနှင့် တာဝန်ရှိသူများ အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ၊ အတွင်းရေးမှူး ဒေါ်ယဉ်ယဉ်နွယ်က ကော်မတီသို့တင်ပြလာသည့် အမှာစာနှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာကို ရှင်းလင်းတင်ပြရာ ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် လိုအပ်သည်များ ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် နေပြည်တော် ဒေသအတွင်း အလုပ်အကိုင်ပေါင်း ၁၀၀ ကျော် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အတည်ပြုမိန့်ထုတ်ပေးရန် သဘောတူဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကြည့်မြင်တိုင်မြို့နယ် သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် မြို့နယ်သမဝါယမအသင်း လီမိတက်၏(၂၀၂၂–၂၀၂၃)ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက နတ်စင်လမ်းရှိ သာစုကျောင်းတိုက်အတွင်း၌ ပြုလုပ်သည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းမင်းယုက သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာကြသော အစုပြည့်အသင်းဝင် ၂၅ ဦးတို့အား အစုပေါ်အမြတ်ငွေများကို ခွဲဝေပေးခဲ့သည်။ (၂၀၂၂–၂၀၂၃)ဘဏ္ဍာနှစ်အတွင်းအသင်းစုများ၏ စုစုပေါင်းဝင်ငွေမှာ ငွေကျပ် ၆၆၉၁၆၂၅ ဖြစ်ကြောင်း သိရသည်။ **တင်ဝင်းတင်**



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တရုတ်နိုင်ငံ အာရှရေးရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၈**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ တိန့်ရှီးကျွင်းအား ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ခဲ့ကြ**

တွေ့ဆုံစဉ် ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို နှစ်ဖက်အပြန်အလှန် အကျိုးရှိစေမှုအပေါ် မူတည်ပြီး အရှိန်အဟုန်မြင့် အကောင်အထည်ဖော်သွားရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေး လျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်နိုင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး ယာယီအကြီးအကဲအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး ရုံး(UNOCHA)၏ ယာယီအကြီးအကဲ Ms. Danielle Parry ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNOCHA တို့အကြား သဘောတူညီမှုစာလွှာအသစ် လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်နေမှု၊ UNOCHA ၏ Head of Office ဖြစ်သူ မြန်မာနိုင်ငံသို့ လာရောက်တာဝန်ထမ်းဆောင်မည့် အခြေအနေ၊ ရခိုင်ပြည်နယ်ရှိ မုန်တိုင်းသင့် ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများဖြန့်ဝေရေး အသေးစိတ်အစီအစဉ်နှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၈**

မြန်မာနိုင်ငံ၌တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှတစ်ဆင့် ရုရှားနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

ဧည့်သည်တော် တရားသူကြီးချုပ်နှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်နှင့်တရားလွှတ်တော်တရားသူကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၂၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Asia Pacific Automaker Corporation Co., Ltd.မှ တင်သွင်းလာသော Jinpeng အမျိုးအစား လျှပ်စစ်သုံး သုံးဘီးမော်တော်ဆိုင်ကယ် အစီး ၅၀ နှင့် NCX Myanmar Co., Ltd. မှ တင်သွင်းလာသော Wuyang Honda (U-Go) အမျိုးအစား လျှပ်စစ်သုံး မော်တော်ဆိုင်ကယ် ၉၆ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိသဖြင့် ယနေ့တွင် လုပ်ထုံး လုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပြီး အဆိုပါ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။



**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၀၄) သင်တန်းဆင်း

**ရန်ကုန် ဇူလိုင် ၂၈**

စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၂၀၄) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

ဦးစွာ သင်တန်းဆင်းတပ်ခွဲက နိုင်ငံတော်အလံအား အလေးပြုပြီး ပါမောက္ခချုပ် ဦးဇော်ဇော်အား အလေးပြုကြသည်။

ထို့နောက် ပါမောက္ခချုပ်က သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ်-၃၃၅ ဦးဇော်မျိုးသူ၊ အငယ်တန်းစာရေး၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကို လည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူအမှတ်-၁၂၆ ဒေါ်နှင်းနှင်းဝတ်ရည်၊ အငယ်တန်းစာရေး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

**တက်ရောက်**

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ပါမောက္ခများ၊ သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၂၀၁ ဦး၊ သင်တန်းသူ ၂၉၉ ဦး စုစုပေါင်း ၅၀၀ တက်ရောက်ကြကြောင်းနှင့် သင်တန်းကာလမှာ မတ် ၂၂ ရက်မှ ဇူလိုင် ၂၈ ရက်အထိ ရက်သတ္တ ၁၀ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၈**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ သောကြာနေ့ စကားဝိုင်း အမှတ်စဉ် (၂၃) "လူမွဲခံယူခြင်းဆိုင်ရာဥပဒေ (၂၀၂၀) အရ မှတ်ပုံတင်အရာရှိဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ အခန်းကဏ္ဍ"ဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၂၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၂၃) ဆွေးနွေးပွဲအဖြစ် "လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၏ မှတ်ပုံတင်အရာရှိအဖြစ် ဆောင်ရွက်ရသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အမှာစကားပြောကြားသည်။

**စနစ်တကျလေ့လာမှတ်သား**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယနေ့ဆွေးနွေးမျှဝေသော အကြောင်းအရာဖြစ်သည့် "လူမွဲခံယူခြင်းဆိုင်ရာဥပဒေ" ကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁) ဖြင့် ၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင်ပြဋ္ဌာန်း၍ မတ်လတွင် ဥပဒေစတင်အာဏာတည်ခဲ့ပြီး ဧပြီလတွင် နည်းဥပဒေထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါဥပဒေအရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီကို ဖွဲ့စည်းထားရှိပြီး ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပါ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များကို မိမိတို့ဝန်ကြီးဌာနအောက်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါဥပဒေသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) တွင် ဖော်ပြပါရှိသည့် ကုမ္ပဏီများဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အစားထိုးကျင့်သုံးရမည့် ဥပဒေဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ အရာထမ်း/အမှုထမ်းများအနေဖြင့် ယနေ့ဆွေးနွေးမျှဝေသော အကြောင်းအရာများကို စနစ်တကျ လေ့လာမှတ်သားစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ဆွေးနွေးပွဲအခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီတာအောင်က "လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ (၂၀၂၀)အရ မှတ်ပုံတင်အရာရှိဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ကြသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း / အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများမှ အွန်လိုင်းဖြင့် တက်ရောက်သူများအပါအဝင် စုစုပေါင်းဝန်ထမ်းအင်အား ၁၂၀ ကျော် တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကော်မတီ ဝန်ကြီးအဆင့် ပဉ္စမအကြိမ် အစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



**နေပြည်တော် ဇူလိုင် ၂၈**

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး) နိုင်ငံ အဘူဒါဘီမြို့၌ ရောက်ရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၅ ရက်တွင် Ground Mounted Solar တပ်ဆင်အင်အား (၁၀) မဂ္ဂါဝပ်နှင့် Roof Top Solar (၁) မဂ္ဂါဝပ်တပ်ဆင်ထားရှိသော Masdar City Project တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်လေ့လာကြသည်။

**ရှင်းလင်းပြောကြား**

Masdar City Project စီမံကိန်းရုံးသို့ရောက်ရှိစဉ် စီမံကိန်းတာဝန်ရှိသူများက ရှင်းလင်းဆောင်တွင် စီမံကိန်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး စီမံကိန်းဆောင်ရွက်ထားရှိမှုများကို ပြသသည်။

Masdar City သည် ပိုမိုစိမ်းလန်းပြီး ရေရှည်တည်တံ့သော မြို့ပြလူနေမှုဘဝကို သိရှိနားလည်ရန်၊ ဆန်းသစ်တီထွင်မှုများကို ဦးဆောင်နိုင်ရန်၊ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် သုတေသနဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန် တို့အတွက် အဓိကဆောင်ရွက်ချက်ဖြစ်ကြောင်း၊ လျင်မြန်စွာဖွံ့ဖြိုးလာသည့် သန့်ရှင်းသော နည်းပညာများ ပေါင်းစပ်မှု၊ စီးပွားရေးကင်းမဲ့ဇုန်၊ စားသောက်ဆိုင်များ၊ ဈေးဆိုင်များ၊ ပြည်သူများအတွက် စိမ်းလန်းသောနေရာများပါရှိသည့် မြို့တော်၏ စံပြလူနေရပ်ကွက်တစ်ခုကို တည်ဆောက်နေသော စီမံကိန်းဖြစ်ပြီး ပထမဆုံး စူးစမ်းလေ့လာချက်အဖြစ် အဆောက်အအုံများ၏ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စွမ်းအင်သုံးစွဲမှုကို လျှော့ချရန်အတွက် စွမ်းအင်သုံးစွဲမှုပုံစံ ပြောင်းလဲခြင်း နည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုထားကြောင်း၊ Masdar City စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် ၂၀၂၃-ခုနှစ် နှစ်ကုန်ပိုင်းတွင်ကျင်းပမည့် Parties of Conference-28 (COP-28) ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အခွင့်အလမ်းရရှိခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၂၆ ရက်တွင် အာရှနှင့်ပစိဖိတ်ဆိုင်ရာ ကော်မတီဝန်ကြီးအဆင့် ပဉ္စမအကြိမ်အစည်းအဝေး ဒုတိယနေ့နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်သည်။

အစည်းအဝေး ပထမပိုင်းတွင် ISA Programmes and Green Grid Initiative – One Sun One World One Grid – GGI–OSOWOG) နေတစ်စင်း၊ ကမ္ဘာတစ်ခု ဓာတ်အားကွန်ရက်တစ်ခုအတွက် အစိမ်းရောင် ဓာတ်အားလိုင်း မိတ်ဆက်ခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးကြပြီး မြန်မာနိုင်ငံအနေဖြင့် နေရောင်ခြည်စွမ်းအင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ထားရှိမှုများ၊ နိုင်ငံဖြတ်ကျော် ဓာတ်အားလိုင်းများ ဆောင်ရွက်ရန် အိမ်နီးချင်းနိုင်ငံများနှင့် ဆောင်ရွက်နေမှုများ၊ ASEAN၊ BEMSTEC အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့သည်။

အစည်းအဝေး ဒုတိယပိုင်းတွင် Solar Storage ခေါင်းစဉ်ဖြင့်ဆွေးနွေးကြပြီး အရှေ့အလယ်ပိုင်းနှင့် အာဖရိကမြောက်ပိုင်းဒေသ (Middle East and North Africa–MENA) တွင် သုတေသနပြုလုပ်ထားသည့် ၂၀၃၀ ပြည့်နှစ်အထိ Energy Storage System (ESS) လိုအပ်ချက်နှင့် စီမံဆောင်ရွက်ထားရှိမှုများ၊ Long Duration Energy Storage ကို အသုံးပြု၍ ပြန်ပြည့်မြဲစွမ်းအင်မှ ဓာတ်အားဖြန့်ဖြူးနိုင်သည့် လေ့လာချက်များ၊ Pump Storage Hydropower အသုံးပြုခြင်းဖြင့် ရရှိနိုင်သောအကျိုးကျေးဇူးများ၊ ကာဗွန် အသားတင်ထုတ်လွှတ်မှုမှုခြေရှိစေရေး ရည်မှန်းချက်အောင်မြင်ရန် လမ်းပြမြေပုံတို့ကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေရောင်ခြည်စွမ်းအင်သုံး မြင်းကောင်ရေ တစ်ကောင်မှ ၁၀၀ အင်အားရှိ (1 HP မှ 100 HP) Solar Pumps များ ခင်းကျင်းပြသမှုကိုလေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၂၇ ရက်တွင် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံ အဘူဒါဘီမြို့မှ ပြန်လည်ထွက်ခွာကြရာ ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ငါးအုပ် သို့မဟုတ် ငါးစောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း နှစ်အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ နှစ်အုပ်နှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ တစ်အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာငါးအုပ် သို့မဟုတ် ငါးစောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံး ပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

**ပြန်ကြားရေးဝန်ကြီးဌာန**

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | အမှတ်စဉ် သုည | မြတ်သစ် | ဦးဝင်းဇော်လတ် တိုးမြစ်စာအုပ်တိုက် |
| ၂။ | ဘဝအတွက်နားလည်သဘောပေါက်ခြင်း | ပိုင်(That's for U) | ဦးနိုင်ဝင်းဇော် မိုးကောင်းမြေစာပေ |
| ၃။ | ချစ်တဲ့သူတွေနဲ့ မဝေးပါရစေနဲ့ | နေသွေးခန့် | ဦးနိုင်ဝင်းဇော် မိုးကောင်းမြေစာပေ |
| ၄။ | တိုးတက်အောင်မြင်ရေးစာအုပ်များကပေးသော သင်ခန်းစာများ၊ အောင်မြင်ရေးနည်းလမ်းများ | ကိုရင်ကျော် | ဦးကျော်ဆန်း ရွှေဝက်ဝံစာပေ |
| ၅။ | ဤခရီးအတွက် ဂမ္ဘီရအဆောင် | မြနန္ဒာဉာဏ်ဝေ | ဦးကျော်ဆန်း ရွှေဝက်ဝံစာပေ |
| ၆။ | အနီးမွှေးအဝေးကြိုင် | တက္ကသိုလ်တေဇာလင်း | ဦးလှဘုန်းကျော် အောင်းချမ်းပြည့်စာပေ |
| ၇။ | မနောမယယိချင်းဂမ္ဘီရဗေဒင်ကာဒ် | ဝင်းဇော် (သစ်တော) | ဦးဝင်းဇော် မရမ်းတလင်းစာပေ |

# ဆီကြမ်းမှသည် ဆီသန့်ဆီချောဆီသို့

**မြန်မာနိုင်ငံတွင် ဟင်းချက်ဆီအဖြစ် အသုံးပြုသော ဆီအမျိုးအမည်များမှာ မြေပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီ၊ ဖွဲနုဆီ၊ သံလွင်ဆီနှင့် ရောနှော ဆီများဖြစ်ကြသည်။ အချို့သော စားသုံးဆီများကို ပြည်တွင်း၌ပင် ထုတ်လုပ်ပြီး အချို့ကို ပြည်ပနိုင်ငံများမှ မှာယူတင်သွင်းကြရပါသည်။ မည်သို့ပင်ဆိုစေကာမူ ၎င်းတို့အားလုံးသည် အပင်ထွက်ဆီများသာ (Vegetable Oils) ဖြစ်ကြပါသည်။**

အိအိချော (CTQM)

အပင်ထွက်ဆီများဟုဆိုရာ၌ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်တို့ကဲ့သို့သော အစေ့အဆန်များ (Oleaginous Seeds)၊ သံလွင်သီး၊ ဆီအုန်းသီး ကဲ့သို့သော အသီးပိုင်း (Oleaginous Fruits) နှင့် ဖွဲနုကဲ့သို့သော ဘေးထွက်ပစ္စည်း (byproducts) များကို ၎င်းတို့၏ စုစုပေါင်းဆီပါဝင်မှုရာခိုင်နှုန်း အပေါ်မူတည်၍ စက်ကိရိယာသုံးပြီး ဆီထုတ်ယူသောနည်းဖြင့်ဖြစ်စေ၊ ဓာတုဖျော်ရည်များကို အသုံးပြုပြီး ဆီထုတ်ယူသောနည်းဖြင့်ဖြစ်စေ ထုတ်ယူရရှိသောဆီကို ဆိုလိုခြင်းဖြစ်သည်။ အဆိုပါ နည်းလမ်းများဖြင့် ရရှိလာသောဆီများကို ၎င်းတို့၏ ထုတ်လုပ်မှုနည်းစဉ်ပေါ်မူတည်ပြီး ဆီရိုင်း (Extra–Virgin or Virgin Oil) ဟူ၍တစ်မျိုး၊ အအေးနည်းဖြင့် ကြိတ်ခွဲရရှိသောဆီ (Cold Pressed Oil) ဟူ၍တစ်သွယ်၊ ဆီကြမ်း(Crude Oil)ဟူ၍ တစ်ဖုံ စသည်ဖြင့် အမျိုးအမည်ခွဲခြားထားကြပါသည်။



### ထုတ်လုပ်သည့်နည်းစဉ်

ယေဘုယျအားဖြင့် ဆီထွက်ပင်ရင်းများဖြစ်သော အသီးနှင့်အစေ့တို့သည် ဆီပါဝင်မှုရာခိုင်နှုန်း ၂၅ ရာခိုင်နှုန်းအထက်ရှိပြီး အပြစ်အနာအဆာကင်းကာ လတ်ဆတ်မှုမြင့်မားနေမည်ဆိုလျှင် ၎င်းကိုကြိတ်ချေဖိညှစ်၍ရရှိလာသည့် ဆီမျိုးကို Extra–Virgin Cold Pressed Oil ဟု အထူးပြုအမည်သတ်မှတ်ကြပါသည်။ ဆီထွက်ပင်ရင်း၏ အရည်အသွေးအနည်းငယ်နိမ့်ပါက Virgin Cold Pressed Oil ဟု အမည်တပ်နိုင်ပါသည်။ ခြွင်းချက်အနေဖြင့် ၎င်းတို့ကို ထုတ်လုပ်သည့် နည်းစဉ်တစ်လျှောက်တွင် အပူချိန် ၅၀ ဒီဂရီစင်တီဂရိတ်အောက်၌သာ ရှိရမည်ဖြစ်ပြီး မည်သည့်ဓာတုဖျော်ရည်များကိုမျှ သုံးစွဲခြင်းမပြုသင့်ပေ။

ဆန့်ကျင်ဘက်အားဖြင့် ဆီပါဝင်မှုရာခိုင်နှုန်း ၂၅ ရာခိုင်နှုန်းအောက်ရှိသော ဆီထွက်ပင်ရင်းများကိုမူ ကြိတ်ချေခြင်းနည်းစဉ်အစား ဓာတုဖျော်ရည်များဖြင့်စိမ်၍ ဆီကိုထုတ်ယူရပါသည်။ ထွက်ရှိလာသောဆီသည် ဓာတုဖျော်ရည်များနှင့် ရောနှောနေသည့် ဆီရောဖြစ်နေခြင်းကြောင့် အပူပေးခြင်းဖြင့် ဓာတုဖျော်ရည်များကို အငွေ့ပြန်စေကာ ဆီကိုသာ ကျန်ရှိစေခြင်းဖြင့် ဆီကြမ်းကို ရရှိစေသည်။

စားသုံးဆီအပါအဝင် စားသောက်ကုန်ပစ္စည်းတိုင်း၌ အရောင်၊ အနံ့နှင့်အရသာဟူ၍ အဓိက အရည်အသွေး သုံးမျိုးရှိပါသည်။ စားသုံးဆီသည် ထုတ်လုပ်မှုဖြစ်စဉ်တစ်ခုကိုအသုံးပြု၍ ရရှိလာသော အစားအစာဖြစ်သောကြောင့် မူလဆီထွက်ပင်ရင်း၏ စားချင့်စဖွယ် ပင်ကိုအရည်အသွေးများဖြစ်သော အရောင်၊ အနံ့နှင့်အရသာတို့ ကျန်ရှိနေနိုင်သည့် ဆီရိုင်းကို သဘာဝအရသာအတိုင်း တိုက်ရိုက် စားသုံးနိုင်သော်လည်း ပင်ကိုအရည်အသွေး ပျက်စီးနေသောဆီအပါအဝင် ဆီကြမ်းများကို တိုက်ရိုက် စားသုံးရန်မသင့်ပါ။ စားချင့်စဖွယ်မရှိသော အရောင်၊ အနံ့နှင့်အရသာတို့အပြင် အချဉ်ဓာတ်နှင့် ရေငွေ့ ပါဝင်မှုများနေသောဆီနှင့် ဆီကြမ်းများကိုပြန်လည် သန့်စင်ခြင်းအဆင့်ဆင့် ဆောင်ရွက်ပြီးမှသာ ဆီသန့်အဖြစ် စားသုံးသင့်ပါသည်။

### ဆီများ၏ဓာတုဗေဒဖွဲ့စည်းမှု

ဟင်းသီးဟင်းရွက်ဆီများ၏ ဓာတုဗေဒဖွဲ့စည်းမှုကို လေ့လာမည်ဆိုလျှင် ဖက်တီးအက်စစ်နှင့် ဂလစ်စရောတို့ ပေါင်းစပ်ထားသည့် ထရိုင်ဂလစ်စရိုက်သည် အဓိကပါဝင်ပြီး ဆီ ၁၀၀ ဂရမ်တွင် ၉၈ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအထိ ပါဝင်နေပါသည်။ ကျန်သောတစ်ရာခိုင်နှုန်းမှ နှစ်ရာခိုင်နှုန်းအထိ ပါဝင်နေသောအရာများမှာ ဆီနှင့်တူသော အကျိအချွဲများ၊ ဖယောင်းများ၊ ရောင်ခြယ်ပစ္စည်းများ၊ အပင်ဆိုင်ရာစတီရောများ၊ ဗီတာမင်အီးအုပ်စုဝင်များစသည့် သဘာဝအတိုင်း ပေါင်းစပ်နေသော အရာများအပြင် ဓာတ်တိုးပစ္စည်းများနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့်ဖြစ်စေ၊ ထုတ်လုပ်မှုဖြစ်စဉ်များကြောင့်ဖြစ်စေ ပါဝင်လာရသော ညစ်ညမ်းပစ္စည်းများ စသည်တို့ဖြစ်ပါသည်။ အဆိုပါ တစ်ရာခိုင်နှုန်းမှ နှစ်ရာခိုင်နှုန်းအထိ ပါဝင်နေသည့်အရာများထဲမှ အချို့သောအရာများက လူတို့၏ခန္ဓာကိုယ် ကျန်းမာရေးကို အထောက်အကူပြုသကဲ့သို့ အချို့က ဆီကဲ့သို့ အသွင်သဏ္ဌာန်တူပြီး စားသုံးရန် မသင့်လျော်သော၊ ဆီ၏ အရည်အသွေးနှင့် အထားခံနိုင်မှုတို့ကို ကျဆင်းစေသော ဂုဏ်သတ္တိများကို ပိုင်ဆိုင်ထားကြပါသည်။

ယနေ့ခေတ်ကာလတွင် တိုးတက်လာသော သတင်းအချက်အလက်နည်းပညာနှင့် ဂလိုဘယ်လိုက်ဇေးရှင်းတို့၏ အကျိုးဆက်များကြောင့် စားသောက်ကုန်များကို ဆာလောင်မှုပြေပျောက်စေရန်နှင့် ခန္ဓာကိုယ်အာဟာရဖြစ်စေရန် စားသောက်ကြရာ၌ အစားအစာဘေးကင်းလုံခြုံရေးအတွက်ပါ ထည့်သွင်းစဉ်းစားလာကြပြီဖြစ်ပါသည်။ ထို့ကြောင့်ပင် စားသုံးသူများသာမက ထုတ်လုပ်သူများကလည်း အစားအစာဘေးကင်းလုံခြုံမှုဖြစ်စေရန် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့် အရည်အသွေး သတ်မှတ်ချက်များကိုရရှိစေရန် ကြိုးပမ်းဆောင်ရွက်လာကြပြီဖြစ်ပါသည်။

### ညစ်ညမ်းပစ္စည်းပါဝင်မှု ကင်းရှင်းစေရန်ဆောင်ရွက်

သို့ဖြစ်ရာ စားသုံးသူများအပါအဝင် စားသုံးဆီထုတ်လုပ်ငန်းရှင်များက စားသုံးဆီ၏ ယေဘုယျအရည်အသွေးသတ်မှတ်ချက်ဖြစ်သော **“စားသုံးဆီသည် စားသုံးသူ၏ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခုကို အဆိပ်အတောက်မဖြစ်စေဘဲ အရသာရှိ၍ခံတွင်းတွေ့စေပြီး အာဟာရဓာတ်နှင့် ပြည့်စုံစေရမည်”** ဟူသည့်အချက်ကို ရှင်းရှင်းလင်းလင်း သိရှိနားလည်ရန် လိုအပ်သကဲ့သို့ စားသုံးဆီတွင် သဘာဝအရည်အသွေး အာနိသင်များမှလွဲ၍ ဆီနှင့်တူသော အကျိအချွဲများ ကင်းစင်ပြီး မကောင်းသောအနံ့နှင့် အရောင်များ မပါဝင်စေရုံသာမက ညစ်ညမ်းပစ္စည်းပါဝင်မှု ကင်းရှင်းစေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

စားသုံးဆီတွင် မလိုလားအပ်သောညစ်ညမ်းပစ္စည်းများ၊ ဆီအရည်အသွေးကို ကျဆင်းစေနိုင်သော ဒြပ်ပေါင်းများနှင့် ဆီ၏ အထားခံနိုင်မှုသက်တမ်းကို ဟန့်တားနိုင်သည့် အရာများကို ဖယ်ရှားနိုင်မှသာ စားသုံးဆီဆိုင်ရာ နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီနိုင်မည်ဖြစ်ပါသည်။ ယင်းတို့ကိုဖယ်ရှားနိုင်ရန်အတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ နည်းစဉ်များကို စားသုံးဆီ ပြန်လည်သန့်စင်ခြင်းနည်းစဉ်များ ဟုခေါ်ပါသည်။ ၎င်းနည်းစဉ်များကို ဆီထွက်ပင်ရင်းမှ ဆီကြမ်း ထုတ်ယူပြီးနောက်ပိုင်းတွင် ဆက်လက်ဆောင်ရွက်ရန်ဖြစ်သည်။

စားသုံးဆီ ပြန်လည်သန့်စင်ခြင်းနည်းစဉ်များကို ဓာတုနည်းဖြင့် ပြန်လည်သန့်စင်ခြင်းနှင့် ရူပနည်းဖြင့် ပြန်လည်သန့်စင်ခြင်းဟူ၍ နှစ်မျိုးခွဲခြားထားပါသည်။ ဓာတုနည်းဖြင့် ပြန်လည်သန့်စင်ခြင်းနည်းစဉ်တွင် ဆီစစ်ခြင်း၊ အချွဲချွတ်ခြင်း၊ အချဉ်ချွတ်ခြင်း၊ အရောင်ချွတ်ခြင်း၊ ဖယောင်းစစ်ခြင်း၊ အနံ့ချွတ်ခြင်းနှင့် အအေးခံဖယောင်းစစ်ခြင်းတို့ ပါဝင်ပါသည်။ ရူပနည်းဖြင့်ပြန်လည်သန့်စင်ခြင်းနည်းစဉ်တွင် ပါဝင်သောအဆင့်တိုင်းသည် ဓာတုနည်းတွင် ပါဝင်သော နည်းစဉ်အဆင့်များနှင့် တူညီသော်လည်း အချဉ်ချွတ်ခြင်းအဆင့်ကိုမူ ရေနွေးငွေ့ဖြင့်သာ ဆောင်ရွက်လေ့ရှိပါသည်။

အထက်ပါအတိုင်း မည်သည့်နည်းဖြင့် ပြန်လည်သန့်စင်ခြင်းမဆို ဆီကြမ်းအရည်အသွေးမှသည် ဆီချောအရည်အသွေးဖြစ်လာစေရန် ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ ဆီကြမ်းရှိ မြင့်မားစွာပါဝင်သော အချဉ်ဓာတ်ကိန်းပမာဏကို လျော့ကျသွားစေပြီး အရောင်နှင့်အနံ့ ပိုမိုကောင်းမွန်လာကာ ဆီအထားခံနိုင်မှု ပိုမိုကြာရှည်လာစေခြင်းများသည် စားသုံးဆီကို ပြန်လည်သန့်စင်ထားသော အကျိုးဆက်များပင်ဖြစ်ပါသည်။ ထို့အပြင် ညစ်ညမ်းပစ္စည်းပါဝင်မှု(ဥပမာ–မှိုဆိပ်နှင့် ပိုးသတ်ဆေးဓာတ်ကြွင်း) တို့ကိုလည်း လျော့နည်းနိုင်သမျှ လျော့နည်းစေနိုင်သောကြောင့် အစားအစာဘေးကင်းလုံခြုံမှုကိုလည်း မြင့်မားလာစေနိုင်ပါသည်။

### ဆီသားပျက်စီးမှုမရှိကြောင်း တွေ့ရ

မြန်မာနိုင်ငံအတွင်းရှိ စားသုံးဆီဈေးကွက်တွင် ရောင်းချနေသော စားသုံးဆီအမျိုးမျိုးတို့၌ ပြည်ပမှ တင်သွင်းလာသောစားသုံးဆီများ၏ အထားခံနိုင်မှု သက်တမ်းကို နှစ်နှစ်အာမခံပေးကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ လက်တွေ့အားဖြင့် ပြည်ပမှ တင်သွင်းလာသော နေကြာဆီနှင့် ပဲပုပ်ဆီများကို စည်ပင်သာယာဈေးမှဝယ်ယူ၍ ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲစစ်ဆေးခဲ့ရာ ထုတ်လုပ်သည့်ရက်စွဲမှသည် စစ်ဆေးချိန် (တစ်နှစ်တာကာလ)အထိ ဆီသားပျက်စီးမှုမရှိကြောင်း တွေ့ရပါသည်။ ထို့ပြင် ဆီအရည်အသွေးကောင်းမွန်မှု ရှိ/မရှိကို ဆုံးဖြတ်နိုင်သည့် အဆီအက်စစ်လွတ်ပါဝင်မှုရာခိုင်နှုန်း စစ်ဆေးချက်ဆိုင်ရာ ကိန်းဂဏန်းတန်ဖိုးများသည်လည်း နိုင်ငံတကာစံချိန်စံညွှန်းတစ်ခုဖြစ်သော Codex Standard အတွင်းရှိနေသည်ကို တွေ့ရှိရပါသည်။ ယင်းဆီများသည် ၁၀၀ ရာခိုင်နှုန်း သန့်စင်ပြီးသော စားသုံးဆီသန့်များဖြစ်ကြပါသည်။

ပြည်တွင်းဈေးကွက်တွင် ပြည်တွင်းထုတ် ပဲပုပ်ဆီ၊ နေကြာဆီတို့ကို အမှတ်တံဆိပ်ကပ်၍ ရောင်းချခြင်းမရှိဘဲ ဒေသသုံးအဖြစ် တစ်ပိုင်တစ်နိုင်သာ ထုတ်လုပ်နေကြရာမှ အွန်လိုင်းဈေးကွက်ခေတ်စားလာချိန်၌ နေကြာဆီကို ထိုဈေးကွက်မှ ကျယ်ကျယ်ပြန့်ပြန့် ရောင်းချနေကြောင်း တွေ့ရှိလာရပါသည်။ အွန်လိုင်းဈေးကွက်မှ ရောင်းချသော နေကြာဆီများတွင် ကိုယ်ပိုင်တံဆိပ်ပါရှိသော်လည်း ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်မည့်ရက်စွဲတို့ကို ဖော်ပြထားခြင်းမရှိသည့်အပြင် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ (FDA) ၏ထောက်ခံချက်မပါရှိကြောင်း တွေ့ရှိရပါသည်။ ၎င်းကို ဓာတ်ခွဲခန်းတွင် စစ်ဆေးချိန်၌ ဆီသားပျက်စီးမှုမရှိသော်လည်း ဆီအရောင်ရင့်ပြီး ဆီသားပျစ်ကာစူးရှသောအနံ့ကို ခံစားရပါသည်။ ဤကဲ့သို့ဖြစ်ရခြင်းမှာ အရောင်ချွတ်ခြင်း၊ အနံ့ချွတ်ခြင်း၊ အချွဲချွတ်ခြင်းနှင့် အအေးခံဖယောင်းချခြင်းတို့ကို လုံလောက်စွာ ဆောင်ရွက်ထားခြင်းမရှိသောကြောင့် ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

စာမျက်နှာ ၁၂ သို့ ❍

**“စားသုံးဆီတွင် မလိုလားအပ်သောညစ်ညမ်းပစ္စည်းများ၊ ဆီအရည်အသွေးကို ကျဆင်းစေနိုင်သော ဒြပ်ပေါင်းများနှင့် ဆီ၏အထားခံနိုင်မှုသက်တမ်းကို ဟန့်တားနိုင်သည့်အရာများကို ဖယ်ရှားနိုင်မှသာ စားသုံးဆီဆိုင်ရာ နိုင်ငံတကာစံသတ်မှတ်ချက်များနှင့် ကိုက်ညီနိုင်မည်ဖြစ်ပါသည်။ ယင်းတို့ကို ဖယ်ရှားနိုင်ရန်အတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ နည်းစဉ်များကို စားသုံးဆီ ပြန်လည်သန့်စင်ခြင်း နည်းစဉ်များဟုခေါ်ပါသည်။ ၎င်းနည်းစဉ်များကို ဆီထွက်ပင်ရင်းမှ ဆီကြမ်းထုတ်ယူပြီးနောက်ပိုင်းတွင် ဆက်လက်ဆောင်ရွက်ရန်ဖြစ်”**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် ရွှေညောင် - တောင်ကြီး ရထားလမ်းပိုင်း စမ်းသပ်ပြေးဆွဲမှု၊ ပင်းပက် - နောင်ကား ရထားလမ်းသစ် ဖောက်လုပ်နေမှုနှင့် ဘူတာရုံများကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၈

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၅ ရက်မှ ၂၈ ရက်အထိ ရှမ်းပြည်နယ်အတွင်း ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်း စမ်းသပ်ပြေးဆွဲမှု၊ ပင်းပက်-နောင်ကား ရထားလမ်းသစ် ဖောက်လုပ်နေမှု၊ ရွှေညောင်ကွန်ကရစ်ဇလီဖားစက်ရုံ၊ ရွှေညောင်စက်ခေါင်းစက်ရုံနှင့် ဘူတာရုံများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် အဆင့်မြှင့်တင် ပြုပြင်ထားသည့် ရွှေညောင်-အေးသာယာ-ပေါမှု-ထီသိမ်-ရေထွက်ဦး-တောင်ကြီး ရထားလမ်းပိုင်း၌ ကျောက်ရထားဖြင့် ဝန်ချိန်ပြည့် စမ်းသပ်ပြေးဆွဲနေမှုကို လိုက်ပါစီးနင်း၍ ကောင်းမွန်စွာ ပြေးဆွဲနိုင်ကြောင်း တွေ့ရှိရသည့်အတွက် လမ်းပိုင်းရှိအချို့နေရာများတွင် ပက်ကင်ရိုက်ခြင်းများ စနစ်တကျဆောင်ရွက်ရန်၊ ထီသိမ်အပိုင်းပတ်နေရာတွင် သစ်ပင်များစိုက်ပျိုးသွားရန်၊ အပိုင်းပတ်တာပေါင်တွင် မြေထိန်းနိုင်သည့် အပင်များစနစ်တကျ စိုက်ပျိုးသွားရန်၊ ရေမြောင်းများအတွင်း ပိတ်ဆို့မှုမရှိစေရေး ပုံမှန်စစ်ဆေးဆောင်ရွက်ရန်၊ တာပေါင်မြင့်သည့်နေရာများတွင် ဦးစားပေးသတ်မှတ်၍ Toe Wall များ စနစ်တကျ တည်ဆောက်သွားရန်နှင့် လမ်းပိုင်းအတွင်း အသုံးပြုရန်မလိုတော့သည့် သံလမ်း၊ ကွန်ကရစ်ဇလီဖားနှင့် ဆက်စပ်ပစ္စည်းများကို စနစ်တကျပြန်လည်သိမ်းဆည်းသွားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပင်းပက် - နောင်ကား ရထားလမ်းသစ်ဖောက်လုပ်နေမှု အခြေအနေကို စစ်ဆေးပြီး လမ်းပိုင်းအတွင်းရှိ တံတားနှင့် Box Culvert များ ရေရှည်ခိုင်ခံ့မှုရှိစေရေး လိုအပ်ပါက မြေထိန်းနံရံများ ဆောင်ရွက်ရန်၊ တာပေါင်မြင့်သည့် နေရာများတွင် ဦးစားပေးအလိုက် Toe Wall များ စနစ်တကျ တည်ဆောက်ရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီဖောက်လုပ်ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ရွှေညောင်ကွန်ကရစ်ဇလီဖားစက်ရုံ၊ စက်ခေါင်းစက်ရုံနှင့် ဘူတာရုံများကို ကြည့်ရှုစစ်ဆေးပြီး ရထားပြေးဆွဲရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် အရေးကြီးသည့် Point နှင့် အချက်ပြစနစ်များ ကောင်းမွန်စေရေးနှင့် ရထားစီးခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ နားနေသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၈

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

## ကြည့်ရှုအားပေး

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လှူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အစိုးရရပ်ကွက်ရှိ ပင်လယ်ကမ်းခြေ ပွိုင့်အရှေ့ကားလမ်းမ လမ်းဘေး ဝဲ/ယာ တစ်လျှောက်၌ ပေါက်ရောက်နေသည့် ချုံနွယ်၊ ပေါင်းပင်၊ မြက်ပင်များနှင့် အမှိုက်များ၊ သစ်ပင်၊ သစ်ကိုင်းများကို ဌာနဆိုင်ရာဝန်ထမ်းများက သန့်ရှင်းရေးပြုလုပ်နေမှုကို ကြည့်ရှုအားပေးကြသည်။

အလားတူ စစ်တွေမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်ကျော်မိုးသည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် သဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေးအတွက် အာဆီယံနှင့် အင်ဒိုနီးရှားနိုင်ငံများက ကူညီထောက်ပံ့ပေးသည့် ကုန်ပစ္စည်းများနှင့် အဝတ်အထည်များအား သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

နေပြည်တော် ဇူလိုင် ၂၈

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

○ စာမျက်နှာ ၁၁ မှ

## ပြည်တွင်းထုတ်နေကြာဆီ၏ အရည်အသွေးမြင့်မားလာနိုင်

မြန်မာနိုင်ငံတွင် နှစ်စဉ်လူဦးရေတိုးတက်လာမှုနှင့်အတူ ပြောင်းလဲလာသော စားသောက်နေထိုင်မှုပုံစံအသစ်များကြောင့် စားသုံးဆီမျိုးစုံကို ပြည်ပနိုင်ငံများမှ တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေ များစွာကုန်ကျနေရခြင်းကို ထိန်းချုပ်နိုင်ရန်အတွက် တန်ချိန်အကန့်အသတ်ဖြင့်သာ တင်သွင်းစေခဲ့ပြီး တစ်ဖက်တွင်လည်း ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံတစ်မျိုးဖြစ်သော နေကြာသီးနှံကို တိုးချဲ့စိုက်ပျိုးစေခဲ့ပါသည်။ စိုက်ဧကတိုးချဲ့လာခြင်းနှင့် မျိုးကောင်းရွေးချယ်စိုက်ပျိုးထားခြင်းကြောင့် အထွက်နှုန်း များပြားမည်ဖြစ်ပါသည်။ ထို့ကြောင့် နေကြာသီးနှံကို ဆီကြိတ်၍ ရရှိလာမည့် နေကြာဆီများအား ဆက်လက်သန့်စင်မှုပြုလုပ်မည်ဆိုပါက ပြည်တွင်းထုတ် နေကြာဆီ၏ အရည်အသွေးမြင့်မားလာနိုင်ပါသည်။ ပြည်တွင်းထုတ်လုပ်နိုင်မှု တိုးတက်လာပြီး အရည်အသွေးမြင့်လာသည်နှင့်အမျှ ပြည်ပမှ မှာယူတင်သွင်းမှုလည်း လျော့နည်းလာမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဆီစက်လုပ်ငန်းများ နည်းပညာဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နေပြည်တော် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့က စားသုံးဆီများ သန့်စင်သည့်နည်းပညာများ ပံ့ပိုးပေးနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။ ၎င်းဆွေးနွေးပွဲဆိုင်ရာ မှတ်တမ်းများအရ တက်ရောက်လာသော ဌာနဆိုင်ရာအကြီးအကဲများက စားသုံးဆီသန့်စင်သည့် နည်းပညာနှင့်ပတ်သက်၍ မူဝါဒပိုင်းဆိုင်ရာ၊ ဘာသာရပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို အားဖြည့်ကူညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နေကြာဆီအပါအဝင် စားအုန်းဆီ၊ ပန်းနှမ်းဆီ၊ မုန်ညင်းဆီ၊ ပဲပုပ်ဆီ၊ ဖွဲနုဆီနှင့် ဝါစေ့ဆီစသည့် ဆီအမျိုးမျိုးတို့ကို အဆင့်အတန်းမီ ထုတ်လုပ်နိုင်လျှင် စားသုံးဆီတင်သွင်းမှုအတွက် နိုင်ငံခြားငွေ ချွေတာနိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးခြင်းနှင့်အတူ ဆီစက်များ အဆင့်မြှင့်တင်ရန်လည်း လိုအပ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

### ဆီစက်လုပ်ငန်းရှင်များအား ချေးငွေများ စတင်ထုတ်ချေး

ထို့အပြင် ပြည်တွင်းဆီစက်များကို အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ ခေတ်မီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လက်ရှိဆီစက်များ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ရည်ရွယ်၍ ဆီစက်လုပ်ငန်းများကို ချေးငွေထုတ်ချေးနိုင်ရေး ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့နှင့် အခြားအထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းခဲ့ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဆီစက်လုပ်ငန်းရှင်များအား ချေးငွေများ စတင်ထုတ်ချေးနေပြီဖြစ်ကြောင်း သိရှိရပါသည်။

ဤကဲ့သို့ နိုင်ငံတော်အပိုင်းက ပြည်တွင်းစားသုံးဆီဖူလုံရေးအပြင် ပြည်သူများကျန်းမာရေးနှင့်ညီညွတ်သော ဆီကောင်းဆီသန့်များ စားသုံးနိုင်ရန်အတွက် အဘက်ဘက်မှ အားပေးဆောင်ရွက်နေချိန်တွင် စိုက်ပျိုးသူများ၊ ဆီထုတ်လုပ်သူဆီစက်လုပ်ငန်းရှင်များအပိုင်းကလည်း ကဏ္ဍအလိုက် လိုအပ်ချက်များ ပြည့်မီစေရေး လိုက်ပါဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ထို့ပြင် ဆီစက်လုပ်ငန်းရှင်များအနေဖြင့် စားသုံးဆီပြန်လည်သန့်စင်မှုနှင့် ပတ်သက်သော သက်ဆိုင်ရာဘာသာရပ်ပိုင်း၊ နည်းပညာပိုင်း အတွေ့အကြုံရှိပညာရှင်များနှင့် ချိတ်ဆက်၍ မိမိတို့ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဆွေးနွေးမေးမြန်းပြီး အကြံဉာဏ်ကောင်းများ ရယူဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် မြန်မာပြည်တွင်းထုတ်စားသုံးဆီများကို အစားအစာဘေးကင်းလုံခြုံမှုစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်ကိုက်ညီစွာ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေးအတွက် Extra-virgin Cold Pressed Oil နှင့် Virgin Cold Pressed Oil များမှအပ ကျန်စားသုံးဆီများကို ပြန်လည်သန့်စင်မှု ပြုလုပ်ခြင်းဖြင့် ဆီကြမ်းမှသည် ဆီချောများထွက်ပေါ်လာနိုင်ရေးကို နိုင်ငံတော်အစိုးရ၏ အားပေးမြှင့်တင်မှုနှင့်အတူ ဆီကြမ်းမှသည် ဆီသန့်ဆီချော ထုတ်လုပ်ဖြန့်ဖြူးနိုင်သည့်လုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရေး တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# မြောက်ကိုရီးယားနိုင်ငံ၌ အမိမြေလွတ်မြောက်ရေးစစ်ပွဲ အောင်မြင်ခြင်း နှစ် ၇၀ ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား ကျင်းပ



**ပြုံယမ်း ဇူလိုင် ၂၈**

မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်း၌ အမိမြေလွတ်မြောက်ရေးစစ်ပွဲ အောင်မြင်ခြင်း နှစ် ၇၀ ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီက ပြောကြားသည်။

**ကင်ဂျုံအန်းတက်ရောက်**

အဆိုပါစစ်ရေးပြအခမ်းအနားကို ပြုံယမ်းရှိ ကင်အီဆွန်းရင်ပြင်၌ကျင်းပရာ မြောက်ကိုရီးယားအလုပ်သမားပါတီ၏ အထွေထွေအတွင်းရေးမှူးချုပ်နှင့် နိုင်ငံခေါင်းဆောင်ဖြစ်သူ ကင်ဂျုံအန်းတက်ရောက်ခဲ့သည်။ မြောက်ကိုရီးယားတပ်မတော်ရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများကလည်း ၎င်းစစ်ရေးပြပွဲတွင် ပါဝင်ချီတက်ခဲ့ကြသည်။

ထို့ပြင် စစ်ရေးပြပွဲတွင် တိုက်ခိုက်ရေးဒရုန်းယာဉ်များ၊ အမျိုးအစားသစ်တိုက်ချင်းပစ်ဒုံးကျည်များကိုလည်း ပြသခဲ့သည်။

**အနုပညာဖျော်ဖြေပွဲများကျင်းပ**

ထို့နောက် မြောက်ကိုရီးယား ထိပ်တန်းခေါင်းဆောင်နှင့် အကြီးတန်း တာဝန်ရှိသူများ သီးခြားတက်ရောက်သည့် အထိမ်းအမှတ် အခမ်းအနားနှင့် အနုပညာဖျော်ဖြေပွဲများကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



## သမ္မတဟောင်း ဒေါ်နယ်ထရမ့်အား စွဲချက်အသစ် သုံးခုဖြင့် ထပ်မံစွဲချက်တင်

**ဝါရှင်တန် ဇူလိုင် ၂၈**

အမေရိကန် ပြည်ထောင်စု အစိုးရရှေ့နေများသည် သမ္မတဟောင်း ဒေါ်နယ်ထရမ့်အား ရာထူးမှနုတ်ထွက်ပြီးနောက် အရေးကြီးစာရွက်စာတမ်းများကို လွဲမှားစွာကိုင်တွယ်မှုဖြင့် စွဲချက်အသစ် သုံးခုဖြင့် ထပ်မံစွဲချက်တင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

တရားရေးဌာနသည် ထရမ့်အား ထပ်မံစွဲချက်တင်သည့် စွဲချက်အသစ် သုံးခုကို ယမန်နေ့က တရားဝင် ကြေညာခဲ့သည်။ ထရမ့်အား စွဲဆိုထားသည့်စွဲချက်များတွင် သူလျှို့အက်ဥပဒေအား ချိုးဖောက်ခြင်းနှင့် ဖလော်ရီဒါပြည်နယ်ရှိ ၎င်း၏နေအိမ်တွင် နျူကလီးယားလက်နက်နှင့် စစ်ရေးစွမ်းရည်ဆိုင်ရာ အချက်အလက်များပါရှိသော အရေးကြီးစာရွက်စာတမ်းများကို တရားမဝင် သိမ်းဆည်းထားခြင်းတို့လည်း ပါဝင်သည်။

ထို့ပြင် ပြန်လည်ပြင်ဆင်ထားသည့် စွဲချက်တွင် ထရမ့်နှင့် ၎င်း၏ လက်ထောက်များက ၎င်း၏ Mar-a-Lago နေအိမ်ရှိ ဝန်ထမ်းတစ်ဦးအား လုံခြုံရေးကင်မရာမှ ရိုက်ကူးထားသည့် ဆာဗာကို ဖျောက်ဖျက်ပစ်ရန် ကြိုးပမ်းမှုတစ်ရပ်လည်းပါဝင်သည်။ ဗီဒီယိုဖိုင်အတွက် ဗဟိုစုံစမ်းစစ်ဆေးရေးမှူးများက ဆင့်ခေါ်စာထုတ်ပြန်ပြီးနောက် ယခုကဲ့သို့ လှုပ်ရှားမှုဖြစ်လာခြင်းဖြစ်သည်။

လက်ရှိတွင် ထရမ့်သည် စွဲချက်ပေါင်း ၄၀ နှင့် ရင်ဆိုင်နေရသည်။ ယင်းသို့ စွဲချက်များဖြင့် တရားစွဲဆိုခြင်းသည် ထရမ့်နှင့် ၎င်း၏ထောက်ခံသူများကို ဂုဏ်သိက္ခာကျဆင်း စေရန်နှင့် လာမည့်ရွေးကောက်ပွဲအတွက် နှောင့်ယှက်ခြင်းသာဖြစ်ကြောင်း ထရမ့်က ၎င်း၏မဲဆွယ်စည်းရုံးမှုတစ်ခုတွင် ပြောကြားသည်။

ထို့ပြင် ထရမ့်သည် တရားစွဲဆိုမှုများကို ရင်ဆိုင်ရသည့် ပထမဆုံးသော အမေရိကန် သမ္မတဟောင်းတစ်ဦးဖြစ်လာခဲ့ပြီး ၂၀၂၄ ခုနှစ်ရွေးကောက်ပွဲတွင် သမ္မတရာထူးနေရာ ပြန်လည်ရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်းဒေါ့ဆူရီ ဝင်ရောက်တိုက်ခတ်



**မနီလာ ဇူလိုင် ၂၈**

ဖိလစ်ပိုင်နိုင်ငံ၌ ဒေါ့ဆူရီ တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ရေကြီးရေလျှံခြင်းနှင့် မြေပြိုမှုများဖြစ်ပွားကာ လက်ရှိအချိန်အထိ ၁၃ ဦးသေဆုံးပြီး ၂၀ ပျောက်ဆုံးနေကြောင်း အမျိုးသားသဘာဝဘေးဆိုင်ရာအေဂျင်စီက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း မြေပြိုမှုများကြောင့် နိုင်ငံမြောက်ပိုင်းရှိ ကော်ဒီလီယာ ဒေသတွင် ကိုးဦး၊ အိုလိုကို့စ် ဒေသတွင်တစ်ဦး၊ နိုင်ငံအလယ်ပိုင်းဒေသတွင် နှစ်ဦးနှင့် မနီလာမြို့အနီးရှိ ဒေသတွင် တစ်ဦး သေဆုံးခဲ့ကြောင်း အမျိုးသားသဘာဝဘေးလျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက မှတ်ချက်ပြုသည်။

နိုင်ငံသား ငါးသိန်းကျော်သည် ၎င်းမုန်တိုင်း၏ အကျိုးသက်ရောက်မှုများကို ခံစားခဲ့ရပြီး ဒေသခံ ၂၉၀၀၀ ကျော်မှာ ယာယီကယ်ဆယ်ရေး စခန်းများတွင် နေထိုင်နေရကြောင်း သိရသည်။

ယခုနှစ်အတွင်း ငါးခုမြောက်တိုင်ဖွန်းမုန်တိုင်းအဖြစ် ဝင်ရောက်တိုက်ခတ်ခဲ့သည့် ဒေါ့ဆူရီမုန်တိုင်းကြောင့် လူဇုန်ကျွန်းတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ ပြင်ပ၌ဖြစ်ပေါ်လာသည့်လေဖိအားနည်း ရပ်ဝန်းသည် ဇူလိုင် ၂၁ ရက်တွင် ပိုမိုအားကောင်းလာကြောင်း ပြည်နယ်မိုးလေဝသဗျူရိုက သတိပေးခဲ့ပြီး ဖိလစ်ပိုင်အလယ်ပိုင်းရှိ ဒေသတစ်ခုဖြစ်သည့် Eastern Visayas ၏ အရှေ့ဘက် ကီလိုမီတာ ၁၃၀၀ ခန့်အကွာတွင် ဝင်ရောက်လာသော ၎င်းမုန်တိုင်းနှင့်ပတ်သက်ပြီး သတိပေးချက်ထုတ်ပြန်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ် အခံရဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး အကြောင်းရင်းမှာ ပစိဖိတ် တိုင်ဖွန်းမုန်တိုင်းများ တိုက်ခတ်ရာလမ်းကြောင်းတွင် တည်ရှိနေသောကြောင့် ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## အယ်လ်ဂျီးရီးယား၌ တောမီးလောင်မှုဖြစ်ပွား

**အယ်လ်ဂျီရက် ဇူလိုင် ၂၈**

အယ်လ်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းရှိ ပြည်နယ် ၁၆ ခုတွင် တောမီးလောင်မှု ၉၇ ကြိမ်ဖြစ်ပွားခဲ့ရာ ဒေသခံ ၁၅ ဦး သေဆုံးပြီး ၂၆ ဦး ဒဏ်ရာရခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။



နိုင်ငံအတွင်းရှိ ဘေယာယာပြည်နယ်၊ ဂျီဂျယ်ပြည်နယ်နှင့် ဘိုယာပြည်နယ်များရှိ သစ်တောများနှင့် စိုက်ခင်းများမှာ ၎င်းတောမီးလောင်ကျွမ်းမှုကို အများဆုံးခံခဲ့ရသည့်ဒေသများဖြစ်ကြောင်းနှင့် ယင်းဒေသများအတွင်း လေပြင်းများ တိုက်ခတ်ခြင်းကလည်း တောမီးလောင်ကျွမ်းမှုကို အားကောင်းစေခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက မှတ်ချက်ပြုသည်။

ဒေသခံ ၁၅၀၀ ခန့်အား ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရကြောင်း တာဝန်ရှိသူများက ထပ်လောင်းပြောကြားသည်။ လက်ရှိအချိန်တွင် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြကြောင်းသိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ဂျပန်နိုင်ငံ၌ ပြီးခဲ့သည့်ဇွန်လအတွင်း အပူဒဏ်မြင့်တက်မှုကြောင့် ပြည်သူ ၇၂၃၅ ဦးဆေးရုံတက်ရောက် ကုသမှုခံယူခဲ့ရ

**တိုကျို ဇူလိုင် ၂၈**

ဂျပန်နိုင်ငံ၌ ဇွန်လအတွင်း အပူဒဏ်မြင့်တက်မှုကြောင့် ပြည်သူ ၇၂၃၅ ဦးဆေးရုံတက်ရောက် ကုသမှုခံယူခဲ့ရကြောင်း ဂျပန်နိုင်ငံမီးသတ်နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအေဂျင်စီက ပြောကြားသည်။

အဆိုပါအရေအတွက်သည် ၂၀၁၀ ပြည့်နှစ်မှစပြီး အပူဒဏ်ခံစားရမှုကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူသူအရေအတွက် ဒုတိယအများဆုံးဖြစ်သည်။ ပြီးခဲ့သည့်နှစ် ဇွန်လတွင် ၁၅၉၆၉ ဦးရှိကာ အရေအတွက်အများဆုံးဖြစ်ကြောင်း သိရသည်။

ယခုနှစ်ဇွန်လအတွင်း ဆေးရုံတက်ရောက်ကုသမှုခံယူသူအများစုမှာ အသက် ၆၅ နှစ်နှင့်အထက် အရွယ်များဖြစ်ပြီး ၎င်းတို့အနက် နှစ်ဦးသေဆုံးကာ ၄၉၁၁ ဦးမှာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသည်။

ထို့ပြင် အများစုမှာ နေအိမ်အတွင်း၌ အပူဒဏ်ကို ခံစားရသူများဖြစ်ပြီး ၁၃၂၈ ဦးမှာ အားကစားကွင်းများနှင့် ကားရပ်နားရန်နေရာများအပါအဝင် လမ်းမများပေါ်တွင် အပူဒဏ်ခံစားရသူများဖြစ်သည်။

နေ့အပူချိန်မြင့်တက်မှုကြောင့် လေအေးပေးစက်များကိုသင့်လျော်စွာ အသုံးပြုပြီး ရေလုံလောက်စွာ သောက်သုံးခြင်းဖြင့် အပူဒဏ်ကို ကြိုတင်ကာကွယ်ကြရန် မီးသတ်ဌာနက ပြည်သူများအား တိုက်တွန်းပြောကြားသည်။

ဇွန်လအစောပိုင်းနှင့် လလယ်ပိုင်းများတွင် နိုင်ငံတစ်ဝန်း၌ အပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်နှင့်အထက် မြင့်တက်ခဲ့သည်။ ဇွန်လနှောင်းပိုင်းတွင် ဂျပန်နိုင်ငံအရှေ့ပိုင်း၌ နေ့အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# စဉ့်ကိုင်မြို့နယ်အတွင်း ပုလိပ်ဘူတာနှင့် စဉ့်ကိုင်ဘူတာအကြား မိုင်တိုင်အမှတ် (၃၇၁/၁ မှ ၃) အတွင်း ရထားသံလမ်းဆက်ပြားများနှင့် သံလမ်းဆက်မူလီများ ဖြုတ်ခိုးခဲ့သူများအား ဖမ်းဆီးရမိ



နေပြည်တော် ဇူလိုင် ၂၈

မန္တလေး တိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်း ပုလိပ်ဘူတာနှင့် စဉ့်ကိုင်ဘူတာအကြား မိုင်တိုင်အမှတ်(၃၇၁/၁ မှ ၃) အတွင်း ရထားသံလမ်းဆက်ပြားများနှင့် သံလမ်းဆက်မူလီများအား အဖျက်သမားများက ယုတ်မာပက်စက်သောအကြံဖြင့် ဖြုတ်ယူဖျက်ဆီးခဲ့မှုကြောင့် မြစ်ငယ်မှ ရန်ကုန်တိုင်းဒေသကြီး ရွာသာကြီးခရီးစဉ် ထွက်ခွာလာသည့် အမှတ်(၈၂၄)အစုန်ရထား လမ်းချော်မှုဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့များက သတင်းစုံစမ်းဖော်ထုတ်ခဲ့ရာ မိုင်တိုင်(၃၈၅/၂)အနီးရှိ ကျူးကျော်တဲများအတွင်း မီးရထားသံလမ်းများကို ဖြုတ်ခိုးခဲ့သူများ နေထိုင်လျက်ရှိကြောင်း သိရှိရသဖြင့် ဇူလိုင် ၂၅ ရက်တွင် သွားရောက်ဖမ်းဆီးခဲ့ရာ ချမ်းငြိမ်းအောင် (ဘ) ဦးသန်းညွန့်၊ ရန်အောင်(ဘ)ဦးမြလွင်၊ ဇော်ထက်(ဘ)ဦးချို့နှင့် နုနုဝင်း(ဘ)ဦးထွန်းအောင်တို့ လေးဦးကို မီးရထားသံလမ်းမူလီနှင့် ဂျိုင်းဆက်များ ဖြုတ်ရာတွင်အသုံးပြုသည့် ပိုက်ဂိုက် တစ်ချောင်း၊ ဆိုင်ကယ်နှစ်စီးတို့နှင့်အတူ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး မေးမြန်းချက်များအရ ၎င်းတို့ ခိုးဖြုတ်ခဲ့သော ပစ္စည်းများကို ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက် စက်မှုပန်းခြံလမ်းရှိ ထိပ်တန်း (ဒန်၊ သတ္တု၊ သံ၊ ပုလင်း) ရောင်းဝယ်ရေးဆိုင်၌ ရောင်းချခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့များက သွားရောက်ရှာဖွေ စစ်ဆေးခဲ့ရာ ဆိုင်ပိုင်ရှင်ဖြစ်သူ တင်တင်ချို(ဘ) ဦးစံသိုက်နှင့် ကြွယ်မောင်(ဘ) ဦးအောင်ညွန့်တို့ နှစ်ဦးကို မီးရထား သံလမ်းဂျိုင်းဆက် ၂၄ ချောင်း၊ မီးရထားသံလမ်း မူလီ ၁၅ ချောင်းတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖမ်းဆီးရမိသူများအား လုပ်ထုံးထုပ်နည်းများနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာမှ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မင်္ဂလာတောင်ညွန့်၊ လားရှိုးနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၈

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၇ ရက် ညနေ ၄ နာရီ မိနစ်၄၀ တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်အရှေ့ ရပ်ကွက် (၈၄)လမ်းတွင် ရန်နိုင်အေး(ခ)အာဘူကာလာမ့် မောင်းနှင်ပြီး ဇော်ဇော်(ခ)မူဘာရာခ်၊ မမိုးမိုးအေး(ခ) မောဒေါ၊ လှဝင်း(ခ)အွစ္စမာန်၊ ဇော်မင်းနိုင်(ခ) မူဟာမတ်အလီတို့လိုက်ပါလာသည့် Toyota Fielder ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ ည ၈ နာရီခွဲတွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ပါလျှံ(၁)လမ်း၌ စိုင်းအောင်ပန်းလှ မောင်းနှင်လာသည့် TOYOTA CROWN ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water ၁ ဒသမ ၆၈၂ ကီလိုကိုလည်းကောင်း။



အားဟွာ အားသိမ်းဆည်းရမိသည့်စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဇူလိုင် ၂၅ ရက် ညနေ ၅ နာရီခွဲတွင် လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာအနီး လားရှိုး-မူဆယ်သွားကားလမ်းတွင် အားဟွာ မောင်းနှင်လာသည့် TOYOTA WISH အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါ ကက်တမင်း ၁၀ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# မိတ္ထီလာမြို့ ပိတောက်မြိုင်ဈေး၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် သုံးစွဲမှုကင်းစင်ပပျောက်ရေး အသိပညာပေးကမ်ပိန်းဆောင်ရွက်

မိတ္ထီလာ ဇူလိုင် ၂၈

မိတ္ထီလာမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပိတောက်မြိုင်ဈေးတွင် ဈေးရောင်းဈေးဝယ်များ ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးနှင့် သုံးစွဲမှုကင်းစင်ပပျောက်ရေးအသိပညာပေးကမ်ပိန်းကို ယနေ့နံနက် ၉ နာရီက ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပိတောက်မြိုင်ဈေးနှင့် ဈေးပတ်လမ်းအနီးတွင် ဈေးရောင်းချသူများနှင့် ဈေးဝယ်လာသူများအား ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် သုံးစွဲမှုကင်းစင်ပပျောက်ရေး အသိပညာပေးလက်ကမ်းစာစောင်များနှင့် ပလတ်စတစ်အစားထိုး စားသောက်ကုန်ထုပ်ပိုးနိုင်သည့် အင်ဖက်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်နှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဖြန့်ဝေပေးပြီး ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် သုံးစွဲမှုကင်းစင်ပပျောက်ရေး အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။



ချမ်းသာ ( မိတ္ထီလာ)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၇-၂၀၂၃ စနေနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ပုဗ္ဗဏှသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ ကမ္ဘာတည်မည့်သာသနာ့မော်ကွန်း
၀၈:၃၅ ထိန်းသိမ်းစောင့်ရှောက်ကြရမည့်အဖိုးတန်သယံဇာတများ
၀၉:၁၀ Weekly Sports Info
၀၉:၄၀ New Future Program
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူငယ်ရေးရာအစီအစဉ်
၁၁:၄၀ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
၁၂:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း "ထင်မိယောင်မှား"
၁၃:၃၀ MRTV National News
၁၄:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဂဲကြေးမှုန်တိုင်း" (အပိုင်း-၁၆)
၁၆:၃၅ ပုံပြင်ကမ္ဘာအစီအစဉ်
၁၆:၄၅ ရွှေဝယ်စုံလင်အာဆီယံအစီအစဉ်
၁၇:၂၀ ရသစုံစွာ ဤမြေကမ္ဘာ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး" (အပိုင်း-၃၅)
၁၉:၃၀ တိုင်းပြည်ကောင်းကျိုးမြတ်နိုးပူဇော် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသတစ်ခန်းရပ်) "တို့ရွာအားကစားပွဲ"
၂၁:၄၀ ဟိုးတုန်းကကာက်ဆက်ဇာတ်လမ်းများ

### mitv

07:02 Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
07:10 Weekly Review
07:26 Unique Art of Stucco Work (New Version)
07:43 Myanmar Designer Studio: Khit Min
08:01 News
08:27 Discovering Tribes: Taung Yoe (Their Life and Customs)
08:50 International Tiger Day (29th July)
09:01 Quiz Time (Ep-7)
10:01 News
10:28 Beasts of Asia (Myanmar)
10:48 Products of Myanmar - Kachin Traditional Knife
11:01 Kay Tu Mar Lar "The Family"

### MRTV NRC

ချင်း (ချိုး) (၀၆:၀၀ မှ ၀၇:၀၀)
ကိုင်းဟင်းချိုနှင့်ငါးပိထောင်း
မွန် (၀၇:၀၀ မှ ၀၉:၀၀)
ခနွဲသားရှယ်ပွဲမွန်တို့အသွင်ဝေတ်အဆက်ဆက်ဝတ်စားဆင်ယင်မှု
ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)
မာရ်ငါးပါးဘုရားဖူးကြမယ်
ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)
ထိန်းသိမ်းအစဉ်အလာတို့ဓလေ့ရိုးရာ(တိုင်းဖုထိုင်း / တိုင်းလိ / တိုင်းလျှန်)
ဝ (၁၃:၀၀ မှ ၁၅:၀၀)
"ဝ"ရိုးရာဝက်သားဆန်ပြုတ်ချက်နည်း
ကချင် (၁၅:၀၀ မှ ၁၇:၀၀)
ကချင်ရိုးရာတဆေးနှင့်ခေါင်ရည်ပြုလုပ်ပုံ
ကယား (၁၇:၀၀ မှ ၁၉:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၉)
ပအိုဝ်းကရင် (၁၉:၀၀ မှ ၂၀:၀၀)
ဂေါ်ရန်ဂျီကျွန်းသဘာဝအလှ(အပိုင်း-၁)
အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)
ကျန်းမာစေတဲ့မင်းကွတ်သီး
အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)
စောင်းသံဝေဝေပဒုံဝ့မြေ
ချင်း (လိုင်းစိုး) (၂၂:၀၀ မှ ၂၃:၀၀)
အသားအရေလှပစေရန် လုပ်ဆောင်သင့်သည့်အရာများ

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၄၅ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
၁၀:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၉:၄၅ ကမ္ဘာတည်မည့်သာသနာ့မော်ကွန်း(အပိုင်း-၃) (မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားပူဇော်မှုဆိုင်ရာသမိုင်းမှတ်တမ်း)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၃:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "အာဟာရ"
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
၁၀:၃၀ တရားရုံးကဦးဆောင်သည့်စေ့စပ် ဖြေရှင်းရေးစနစ်
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၈)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၅ အလှဖြာဝေ တောင်ဇလပ်မြေ
၀၇:၀၀ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
၀၈:၂၀ မြန်ဒီးသီးနံ့အခြောက်ခံစက်ရုံ
၀၈:၅၅ မိသားစုဝင်ငွေတိုးစေဖို့ပဲခွေကြော်နှင့်ဆန်ချောင်းကြော်တစ်နိုင်ထုတ်ကြစို့
၀၉:၁၅ တိုက်ကြီးဒေသထွက်ကျွဲကော
၀၉:၄၀ မြေလွှာမှသြဇာတက်ဖို့ကန်သင်းတည်လို့ မိုးစုလို့

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/Weekly MNL Review/Weekly Soccer Preview
၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း/ လူငယ်တို့အတွက်လမ်းပြကြယ်
၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၁၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဘတ်စကက်ဘောအကဲဆေး"
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မုံရွာစီးပွားရေးတက္ကသိုလ်၌ လူငယ်စကားဝိုင်း ကျင်းပ



**မုံရွာ ဇူလိုင် ၂၈**

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မုံရွာစီးပွားရေးတက္ကသိုလ်နှင့် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူငယ်များအနေဖြင့် အရည်အချင်းရှိသူဖြစ်မှသာ မိမိအကျိုး၊ မိမိပတ်ဝန်းကျင်အကျိုး၊ မိမိလူ့အဖွဲ့အစည်း၏ အကျိုးအား သယ်ပိုးနိုင်သူများ ဖြစ်လာနိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့် လူငယ်များကို တန်ဖိုးရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ အဖြစ်မျှော်မှန်းပြီး ပြုစုပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း၊ လူငယ်များကိုယ်တိုင်လည်း မိမိကိုယ်မိမိတန်ဖိုးရှိသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ကျင့်ကြံကြိုးကုတ်အားထုတ်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာကြူက လူငယ်စကားဝိုင်း ကျင်းပရခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက လူငယ်စကားဝိုင်းတွင် ဆွေးနွေးသွားမည့် ခေါင်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

**ဆွေးနွေး**

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဝင်းမြတ်စိုးက ပါမောက္ခချုပ်ထံ လူငယ်စကားဝိုင်းအတွက် ထောက်ပံ့ငွေပေးအပ်ပြီး လူငယ်စကားဝိုင်းတွင် ဆွေးနွေးသွားမည့်တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက လူငယ်နှင့် အလုပ်အကိုင် အခွင့်အလမ်း၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်အပေါင်းအသင်း၊ လူငယ်နှင့်ရည်မှန်းချက် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ကြပြီး မှတ်တမ်းဓာတ်ပုံများနှင့် စာအုပ်များခင်းကျင်းပြသထားရှိမှုအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်ငူမြို့ အထက(၆)၌ အသိပညာပေး ဟောပြောပွဲကျင်းပ



**တောင်ငူ ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ တောင်ငူခရိုင် လူမှုဝန်ထမ်းဦးစီးဌာန၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ယင်းဟောပြောပွဲတွင် တောင်ငူခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးသင်းက ကလေးသူငယ်အခွင့်အရေးများနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးကာ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းထွန်းအောင်က သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးဟောပြောဆွေးနွေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# ဖန်းမော်မြို့ နန့်စတီးချောင်းအတွင်း ငါးမျိုးများစိုက်ထည့်



**ဖန်းမော် ဇူလိုင် ၂၈**

ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှကြီးကြပ်၍ သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများရေရှည်တည်တံ့စေရေးနှင့် ငါးရိက္ခာများ ပိုမိုရရှိစားသုံးနိုင်ရေးအတွက် ဖန်းမော်မြို့ နန့်စတီးချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက အဆိုပါချောင်း၌ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းသို့ ဖန်းမော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး၊ ဖန်းမော် ငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့များ တက်ရောက်၍ ဖန်းမော် ငါးလုပ်ငန်းစခန်းမှ ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးခုံးမကြီး အကောင် ၂၀၀၀၀ နှင့် ငါးမြစ်ချင်း ၃၇၀၀၀ စုစုပေါင်း ကောင်ရေ ၅၇၀၀၀ တို့အား ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နန့်ယင်းမြစ်ရေ မိုးကောင်းမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၈**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ နန့်ယင်းမြစ်ရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးကောင်းမြို့နယ်အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# သံဖြူဇရပ်မြို့နယ်၌ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**သံဖြူဇရပ် ဇူလိုင် ၂၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် အခြေခံစားသောက်ကုန်စည်များကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက ကြာကန်ရပ်ကွက်၌ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးယုနှင့်ဈေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ စိုက်ပျိုးမွေးမြူထုတ်လုပ်ဖြန့်ဖြူးသူတို့က ရောင်းချသော အခြေခံစားသောက်ကုန်စည်များဖြစ်သည့် ဆန်တစ်ပြည် ငွေကျပ် ၂၈၀၀၊ စားသုံးဆီတစ်လီတာဘူးတစ်ဘူး ငွေကျပ် ၄၄၀၀၊ ကြက်ဥတစ်လုံး ငွေကျပ် ၂၅၀၊ ဝက်သား တစ်ပိဿာ ငွေကျပ် ၁၄၀၀၀၊ အမဲသားတစ်ပိဿာ ငွေကျပ် ၁၆၀၀၀၊ ကြက်သားတစ်ပိဿာ ငွေကျပ် ၈၅၀၀၊ ငါးသလွယ် တစ်ပိဿာ ငွေကျပ် ၄၀၀၀၊ ငါးသလောက်တစ်ပိဿာ ငွေကျပ် ၃၀၀၀၊ ငါးမုတ်တစ်ပိဿာ ငွေကျပ် ၃၀၀၀၊ ကတ်သဝါတစ်ပိဿာ ငွေကျပ် ၃၀၀၀၊ အာလူးတစ်ပိဿာ ငွေကျပ် ၃၃၀၀၊ ကြက်သွန်ဖြူတစ်ပိဿာ ငွေကျပ် ၉၀၀၀၊ ကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၂၃၀၀ နှင့် ဟင်းသီးဟင်းရွက်မျိုးစုံတို့ကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့သည်။ ထိုသို့ရောင်းချပေးရာတွင် သံဖြူဇရပ်မြို့၌ သောကြာနေ့တိုင်းနှင့် ကျိုက္ခမိမြို့တွင် တနင်္လာနေ့တိုင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် (၁၆)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၈**

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ဘက်စုံသုံးခန်းမ၌ တက္ကသိုလ်ကြက်ခြေနီအသင်းခွဲမှကြီးမှူး၍ (၁၆)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) တက္ကသိုလ်ကြက်ခြေနီအသင်းခွဲနာယက၊ ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ သင်ကြားစီမံဌာနများမှ ပါမောက္ခ(ဌာနမှူး)များ၊ သင်ကြားရေးဌာနများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာအောင်၊ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးဘက်ဆိုင်ရာအဖွဲ့များက သွေးပုလင်းများ လက်ခံပေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်ဝန်ထမ်းများက သွေးပုလင်းပေါင်း ၁၁၅ ပုလင်းကို လှူဒါန်းကြသည်။ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) တက္ကသိုလ်ကြက်ခြေနီအသင်းခွဲမှ ကြီးမှူး၍ ၂၀၀၅ ခုနှစ်မှ စတင်ပြီး နှစ်စဉ် စုပေါင်းသွေးလှူဒါန်းပွဲကို ပြုလုပ်ခဲ့ရာ သွေးပုလင်းပေါင်း ၁၆၉၉ ပုလင်းကို လှူဒါန်းခဲ့ပြီးဖြစ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မွန်ပြည်နယ်အတွင်းရှိ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ကျောင်းများ၊ မြို့နယ်များအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော မွန်ပြည်နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ၊အောင်ချက်အကောင်းဆုံး ကျောင်းများ၊မြို့နယ်များအား ပညာရည် ချွန် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် စိုးမင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊မော်လမြိုင်တက္ကသိုလ်၊ မော်လမြိုင်ပညာရေးဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက “ ဘက်စုံပညာကိုရည် ဒို့လမ်းချီ” တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး မွန်ပြည်နယ် ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ချီးမြှင့်ပေးအပ်**

ယင်းနောက် မွန်ပြည်နယ်အတွင်းရှိ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းများ၊ မြို့နယ်များအား ပညာရည်ချွန်ဆုများချီးမြှင့်ပေးအပ်ရာ မြန်မာတစ်နိုင်ငံလုံး ဝိပ္ပံဘာသာတွဲ၌ အမှတ်အများဆုံး ၁၁ ဦးတွင် ပထမဆုနှင့် ဝိဇ္ဇာဘာသာတွဲ၌ အမှတ်အများဆုံး ၁၀ ဦးတွင် ပဥ္စမဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ ခြောက်ဘာသာဂုဏ်ထူး ၂၁ဦး၊ငါးဘာသာ ဂုဏ်ထူး ၄၁ ဦး၊ လေးဘာသာဂုဏ်ထူး ၈၂ ဦး၊ သုံးဘာသာဂုဏ်ထူး ၁၇၅ ဦး၊ သိပ္ပံဘာသာတွဲ၌ အမှတ်အများဆုံးရရှိသူသုံးဦး၊ ဝိဇ္ဇာဘာသာတွဲ၌ အမှတ်အများဆုံး သုံးဦး၊ ဝိပ္ပံဘာသာတွဲ၌




အမှတ်အများဆုံးလေးဦး၊ခြောက်ဘာသာဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့သည့် ကျောင်းခြောက်ကျောင်းမှ ဘာသာရပ်သင် ဆရာ ဆရာမများ၊ မွန်ပြည်နယ်၌ အောင်ချက် ၇၂ ဒသမ ၃၃ ရာခိုင်နှုန်းနှင့်အထက်ရရှိသော အခြေခံပညာ အထက်တန်းကျောင်းခြောက်ကျောင်းမှ ကျောင်းအုပ်ကြီးများ၊ မွန်ပြည်နယ်၌ အောင်ချက် အကောင်းဆုံးမြို့နယ်သုံးမြို့နယ်မှ မြို့နယ်ပညာရေးမှူးများ၊ မြန်မာတစ်နိုင်ငံလုံးအောင်ချက် ပဥ္စမဆု ရရှိသော မွန်ပြည်နယ်ပညာရေးဌာနမှ ပြည်နယ်ညွှန်ကြားရေးမှူး၊ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်စေရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသော မော်လမြိုင်တက္ကသိုလ်မှ ပါမောက္ခချုပ်တို့ကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများအား ချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ မွန်ပြည်နယ် အတွင်းရှိ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ကျောင်းများ၊ မြို့နယ်များ၊ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအတွက် အလှူငွေများ လှူဒါန်းပေးကြသည့် အလှူရှင်များကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ဆုရရှိသူ ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကျောင်းသား ကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**သတင်းစဉ်**

## သထုံမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများ ထုတ်ချေးပေး

သထုံ ဇူလိုင် ၂၈

မွန်ပြည်နယ် သထုံမြို့နယ်၌ မြို့နယ်အဆင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကြီးကြပ်မှုကော်မတီမှ မြို့နယ်အတွင်းရှိ မွေးမြူရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းသားများထံ မတည်ထောက်ပံ့ငွေ(လုပ်ငန်းချေးငွေ)များ ထုတ်ပေးခြင်းအခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်အေးခန့်က မတည်ထောက်ပံ့ငွေ(လုပ်ငန်းချေးငွေ)များ ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က လိပ်အင်းရပ်ကွက် မွေးမြူရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသား ၁၈ ဦးတို့အတွက် ငွေကျပ် သိန်း ၃၀၀ နှင့် ခနုကတိုက်ကျေးရွာ မွေးမြူရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသား ၁၈ ဦးတို့အတွက် ငွေကျပ် သိန်း ၂၅၀ ကို ပေးအပ်ခဲ့သည်။

ခရိုင်(ပြန်/ဆက်)




## ဗိလွန်မြို့နယ်၌ သဘာဝရေပြင်အတွင်းသို့ ငါးသားပေါက်ကောင်ရေ နှစ်သိန်းစိုက်ထည့်

ဗိလွန် ဇူလိုင် ၂၈

ဧရာဝတီတိုင်းဒေသကြီး ဗိလွန်မြို့နယ်၌ ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့နံနက် ၈ နာရီတွင် ကမ်းနားရပ်ကွက် ကျီးပင်ဆိပ်တွင်ကျင်းပသည်။

အခမ်းအနားသို့ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက နှစ်လက်မအောက်ခံ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမ ငါးသားပေါက်ကောင်ရေ ၆၀၀၀၀၊ ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ ၄၀၀၀၀ ကို ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်းသိရသည်။

ဝေယံ(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၇-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၃၅ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၀ | ၂၂၈၀ | ၂၃၀၅ | ၂၂၉၀ | ၂၂၆၅ | ၂၃၆၅ | ၂၃၈၀ | ၂၂၇၀ | ၂၂၈၀ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၀ | ၂၅၅၀ | ၃၀၀၀ |
| 95 Ron | ၂၃၄၅ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၃၉၀ | ၂၄၁၅ | ၂၄၀၀ | ၂၃၇၅ | ၂၄၇၅ | ၂၄၉၀ | ၂၃၈၅ | ၂၄၀၀ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၅ | ၂၆၆၀ | ၃၁၀၀ |
| HSD (500 ppm) | ၂၃၁၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၀ | ၂၃၆၀ | ၂၃၈၀ | ၂၃၈၀ | ၂၃၄၅ | ၂၄၆၅ | ၂၄၆၀ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၄၀၀ | ၂၄၀၀ | ၂၆၃၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၃၉၀ | ၂၄၃၅ | ၂၄၃၅ | ၂၃၉၅ | ၂၄၃၅ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၅၄၀ | ၂၅၃၅ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၅ | ၂၄၇၅ | ၂၄၇၅ | ၂၇၀၅ | ၃၁၆၀ |
| HSD (10 ppm) | ၂၃၉၀ | ၂၄၃၅ | ၂၄၃၅ | ၂၃၉၅ | ၂၄၃၅ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၅၄၀ | ၂၅၃၅ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၅ | ၂၄၇၅ | ၂၄၇၅ | ၂၇၀၅ | ၃၁၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၃ | ၂၀၉၉ |
| 95 Ron | ၂၂၃၁ | ၂၃၀၉ |
| HSD (500 ppm) | ၂၀၉၉ | ၂၂၇၃ |
| HSD (50 ppm) | ၂၂၇၃ | ၂၃၄၈ |
| HSD (10 ppm) | ၂၂၇၃ | ၂၃၄၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ချောင်းသာမြို့တွင်ပြည်သူအများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် သားငါး၊ အခြေခံစားကုန်များနှင့် ဟင်းသီးဟင်းရွက်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ ပူးပေါင်းစီစဉ်မှုဖြင့် ဇူလိုင် ၂၈ ရက်နံနက်က ရောင်းချပေးနေစဉ်။

ကျော်ကျော်(ပြန်/ဆက်)

# လမြတ်ဝါဆို ရွှန်းရွှန်းစို

စိန်ငွေးလှိုင်(ဟိုပုံးမြေ)

**ဝါဆိုလမှာ မြန်မာပြက္ခဒိန်ရဲ့ စတုတ္ထမြောက်လဖြစ်ပြီး ရက်ပေါင်း ၃၀ ရှိကာ ရက်စုံတဲ့လတစ်လဖြစ်ပါတယ်။ ဝါထပ်တဲ့နှစ်တွေမှာ ပထမဝါဆိုနဲ့ ဒုတိယဝါဆိုလို့ နှစ်မျိုးရှိပြီး ယခုနှစ်မှာ ဝါထပ်ပါတယ်။ "ဝါဆို" ဆိုတဲ့စကားမှာ ပါဠိစကား "ဝါသ"မှ တိုက်ရိုက်လာတဲ့စကားဖြစ်ပြီး "နေခြင်း" လို့ အဓိပ္ပာယ်ရပါတယ်။ "ဆို" ဆိုတဲ့စကားလုံးဟာ "ရွတ်ဆိုခြင်း" ကိုခေါ်ဆိုပါတယ်။ ဒါကြောင့် မိုးရာသီ သုံးလအတွင်းမှာ ရဟန်းတော်တွေဟာ ကျောင်းမှာပဲနေပါ့မယ်လို့ အဆိုပြုတဲ့လဖြစ်ပါတယ်။**



ပုဂံခေတ်ကျောက်စာတွေမှာ ဝါဆိုလကို "မြွယ်တာ"လို့ ရေးထိုးခဲ့ကြပြီး နောက်ပိုင်းမှာ "နွယ်တာ"လို့ ပြောင်းလဲသွားခဲ့ပါတယ်။ "မြွယ်" ဆိုသည်မှာ လယ်ယာမြေကို ခေါ်ဆိုခြင်းဖြစ်ပြီး "တာ" ဆိုတာကတော့ တိုင်းတာခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့် လယ်ယာမြေကို တိုင်းတာတဲ့လလို့လည်း သတ်မှတ်ကြပါတယ်။ လယ်သမားတွေ ကန်သင်းတင်တာဟာ ဒီအကြောင်းအရာကို ပေါ်လွင်စေပါတယ်။ "ရနံ့ငယ်ဖြာ၊ ညှာတံကင်ဖူး၊ ပုန်းညက်ကယ်ခိုင်ပင်မင်း၊ သင်းပျံ့ပျံ့ကြူး"ဆိုတဲ့ စာဆိုတော်ဦးမင်းရဲ့ လေးချိုးကဗျာအရ ဝါဆိုလရဲ့အထိမ်းအမှတ်ပန်းမှာ ပုန်းညက်ပန်းဖြစ်ပါတယ်။ မုံရွေးဆရာတော်ရဲ့ ဆယ့်နှစ်လရာသီမိုးဘွဲ့မှာ "ဝါဆိုတစ်ကြောင်း၊ မိကျောင်းဖွေးဖွေး မိုးအေးအေး"လို့ စပ်ဆိုခဲ့ရာ ဝါဆိုလမှာ မိကျောင်းပန်းတို့လည်း ပွင့်ကြပါတယ်။ ဝေဒကျမ်းအခေါ်အားဖြင့် ကရကဋ်ရာသီမှာ ကျရောက်ပါတယ်။

**ဘာသာရေးမှတ်တိုင်ကြီးလေးခုကို စိုက်ထူသည့်နေ့**

"သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ" ဟူသောလင်္ကာကို ဗုဒ္ဓဘာသာဝင်တော်တော်များများ သိရှိကြပါတယ်။ ဝါဆိုလပြည့်နေ့ဟာ ဂေါတမဗုဒ္ဓဘုရားရှင်ရဲ့မယ်တော်မှာ သန္ဓေခတာ၊ ဘုရားအလောင်းတော် တောထွက်တော်မူတာ၊ ဘုရားရှင်က ဓမ္မစကြာတရားဟောတော်မူတာနဲ့ တန်ခိုးပြာဋိဟာ ပြတော်မူတာဆိုတဲ့ ဘာသာရေးမှတ်တိုင်ကြီးလေးခုကို စိုက်ထူခဲ့တဲ့နေ့ထူးနေ့မြတ်ကြီးဖြစ်ပါတယ်။ ဗုဒ္ဓဘုရားဟာ ဘုရားမဖြစ်မီဘဝမှာ နတ်သားဖြစ်ခဲ့ပါတယ်။ အခြားနတ်ဗြဟ္မာအပေါင်းတို့က ဘုရားဖြစ်ရန်အချိန်ကျရောက်လို့ လူ့ပြည်ကိုဆင်းသက်ဖို့ တောင်းပန်ကြပါတယ်။ အဲဒီနတ်သားဟာ စုတေပြီးတဲ့အခါ မဟာသက္ကရာဇ် ၆၇ ခုနှစ်၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့မှာ မယ်တော်မာယာဒေဝီရဲ့ ဝမ်းကြာတိုက်မှာ သန္ဓေတည်ပါတယ်။ မယ်တော်ဖြစ်သူမှာ "နတ်မင်းကြီးလေးပါးက သူ အိပ်စက်နေတဲ့သလွန်ကို ထမ်းယူကာ ဟိမဝန္တာတောင်ရှိ လိုဏ်ဂူအတွင်းကို ထားလိုက်ပါတယ်။ မယ်တော်က ရေချိုးသန့်စင်ကာ အဲဒီသလွန်ပေါ်မှာ အိပ်စက်နေပါတယ်။ ဆင်ဖြူတော်ကြီးမှာ ရွှေတောင်ပေါ်က ဆင်းလာကာ သလွန်ကို လက်ယာရစ် လှည့်ပတ်ပါတယ်။ မယ်တော်ရဲ့ လက်ယာဘက်နံပါးကိုဖောက်ထွင်းပြီး ဝမ်းဗိုက်အတွင်းကို ဝင်သွားတယ်" လို့ အိပ်မက်တစ်ခုကို မြင်မက်ပါတယ်။ မိုးသောက်ယံအချိန်မှာ မက်တဲ့အတွက် ကြိုတင်ဖြစ်ပေါ်မယ့်အကြောင်းအရာတွေကို ဖော်ညွှန်းတဲ့ ပုဗ္ဗနိမိတ္တပဲဖြစ်ပါတယ်။ အလောင်းတော်မင်းသားကို ဖွားမြင်တဲ့အခါ သိဒ္ဓတ္ထလို့ အမည်ခေါ်တွင်စေခဲ့ပါတယ်။ (၁၆) နှစ်အရွယ်မှာ ဒေဝဒဟပြည့်ရှင် သုပ္ပဗုဒ္ဓရဲ့သမီးတော် ဘဒ္ဒကစ္စနာနဲ့ လက်ထပ်ထိမ်းမြားခဲ့ပါတယ်။ တစ်နေ့သောအခါ မင်းသားလေးမှာ ဥယျာဉ်တော်ထဲကိုထွက်တော်မူတဲ့အခါ နတ်များက သူအို အသွင်ဖန်ဆင်းကာ ပြသပါတယ်။ ဆက်လက်ပြီး လေးလလျှင်တစ်ကြိမ် သူနာ၊ သူသေ၊ ရဟန်းဆိုတဲ့ နိမိတ်ကြီးလေးပါးကို ပြသရာမှာ မင်းသားလေးဟာ သံဝေဂရရှိတော်မူပါတယ်။ ဒီအချိန်မှာ ဘဒ္ဒကစ္စနာမှာ ရာဟုလာကို ဖွားမြင်နေဆဲဖြစ်ပါတယ်။ ဇနီးသည်နဲ့သားတော်ကိုစွန့်ပယ်ပြီး သက်တော် (၂၉)နှစ်၊ မဟာသက္ကရာဇ် ၉၇ ခု၊ ဝါဆိုလပြည့်၊ တနင်္လာနေ့မှာ ဖွားဖက်တော် ကဏ္ဍကမြင်းကို စီးကာ တောထွက်တော်မူပါတယ်။

သိဒ္ဓတ္ထမင်းသားဟာ ဘုရားအဖြစ်သို့ရောက်ရှိတဲ့အခါ မဟာသက္ကရာဇ် ၁၀၃ ခု၊ ဝါဆိုလပြည့်နေ့မှာ အရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်၊ အရှင်အဿဇိဆိုတဲ့ ပဉ္စဝဂ္ဂီငါးဦးတို့ကို ဘုရားဖြစ်ကြောင်းဝန်ခံကာ ဓမ္မစကြာတရားတော်ကို အိန္ဒိယနိုင်ငံ ဗာရာဏသီပြည် မိဂဒါဝုန်တောမှာ ဟောကြားတော်မူခဲ့ပါတယ်။ ဒီတရားတော်ဟာ ဝိနည်းမဟာပါဠိမှာ "ပဉ္စဝဂ္ဂိယကထာ" အမည်၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်မှာ "ဓမ္မစက္ကပဝတ္တနာ" အမည်၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်မှာ "ဓမ္မစက္ကပဝတ္တနသုတ္တ" အမည်တို့နဲ့ လာရှိပါတယ်။ ဓမ္မစက္ကဆိုတာကတော့ တရားတော်ကို ခေါ်ဆိုခြင်းဖြစ်ပြီး ပဝတ္တနာဆိုတာက စက်ကိုလည်စေခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ ဒါကြောင့် ဓမ္မစကြာဆိုတာမှာ တရားတည်းဟူသောစက်ကို လည်စေတာပဲဖြစ်ပါတယ်။ ဘုရားရှင်ရဲ့ ပထမဦးဆုံး ဟောကြားခဲ့တဲ့ တရားတော်ဖြစ်ပြီး သစ္စာလေးပါးမြတ်တရားကို ညွှန်းဆိုကာ ပိဋကသုံးပုံရဲ့ အနှစ်ချုပ်တရားလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ဓမ္မစကြာတရားဦးကို ဟောကြားလိုက်ခြင်းမှာ တရားရတနာပေါ်ထွန်းမှုလို့လည်း သတ်မှတ်လို့ရပါတယ်။ ပဉ္စဝဂ္ဂီငါးဦးတို့မှာ ဓမ္မစကြာအတိုင်း တရားအားထုတ်ကြရာ ရဟန္တာများဖြစ်သွားတဲ့အတွက် သံဃာရတနာလည်း ပေါ်ပေါက်လာပါတယ်။ မြတ်စွာဘုရားရှင် ခုနစ်ဝါမြောက်ကာလမှာ တိတ္ထိတို့က သာသနာတော်ကို ထိပါးနှောင့်ယှက်လာခဲ့ပါတယ်။ ဒီအချိန်မှာ ခမည်းတော် သုဒ္ဓေါဓနမင်းကြီးနဲ့ ဆွေတော်မျိုးတော်တို့က ဘုရားရှင်ကို ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတော်ကို ပင့်ဆောင်လိုက်ပါတယ်။ သာကီဝင်မင်းမျိုးတို့ဟာ မာနကြီးတဲ့အမျိုးအနွယ်ဖြစ်ပြီး ငယ်ရွယ်တဲ့ ဘုရားရှင်ကို ဦးချဖို့ ဝန်လေးနေကြပါတယ်။ ဘုရားရှင်ဟာ ဆွေတော်မျိုးတော်တို့ရဲ့မာနကို ပယ်ချဖို့နဲ့ တိတ္ထိတို့သိမြင်စေဖို့ ရေအစုံ၊ မီးအစုံ တန်ခိုးပြာဋိဟာ ပြတော်မူလိုက်ပါတယ်။ အဲဒီနေ့ဟာ မဟာသက္ကရာဇ် ၁၁၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့ဖြစ်ပါတယ်။

**ဝါတွင်းသုံးလသတ်မှတ်ရခြင်းအကြောင်း**

ဗုဒ္ဓဘာသာမှာ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့အထိကာလကို ဝါတွင်းသုံးလလို့ သတ်မှတ်ထားပြီး ရဟန်းတော်တွေမှာ ဝါဆိုဝါကပ်ခြင်းကို ပြုလုပ်ကြပါတယ်။ သီတင်းသုံးရာကျောင်းတော်မှာ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ညမှာ ပေါင်းဆုံကာ "ဝါတွင်းသုံးလတာကာလပတ်လုံး တစ်ရပ်တစ်ပါးသို့ ခရီးမသွားဘဲ တစ်ကျောင်းတည်း၊ တစ်နေရာတည်း၌ သီတင်းသုံးပါ့မယ်"လို့ ရွတ်ဆိုအဓိဋ္ဌာန်ပြုကြတာကို ဝါဆိုဝါကပ်ခြင်းလို့ ခေါ်ဆိုပါတယ်။ မဖြစ်မနေ သာရေးနာရေးကိစ္စတွေအတွက် ခရီးသွားလိုရင် ဝါတော်ရဆရာတော်ကြီးတွေထံမှာ ဝါပန်ကာ ခုနစ်ရက်အထိ ခရီးသွားလာနိုင်ပါတယ်။ ဒီညမှာ ဒါယကာ၊ ဒါယိကာမတွေက ပန်း၊ ဆီမီးတိုင်တွေနဲ့ လာရောက်ကပ်လှူကြရာမှ ဝါဆိုပန်း၊ ဝါဆိုဖယောင်းတိုင်စတဲ့ဝေါဟာရတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ ဝါဆိုဝါကပ်အမှုပေါ်ပေါက်လာပုံမှာ ဘုရားရှင်လက်ထက်က ရဟန်းတွေဟာ ဥတုသုံးလီမှာ နေပူမိုးရွာမရှောင် လှည့်လည်သွားလာကြပါတယ်။ မိုးရာသီရောက်တဲ့အခါ လူတို့စိုက်ပျိုးထားတဲ့ စိုက်ပျိုးပင်တွေကို ကျော်ဖြတ်နင်းကြလို့ ပျက်စီးကြရပါတယ်။ လူတို့က "ဘုရားသားတော်တွေဟာ အပင်နဲ့ ပိုးမွှားတွေကို နင်းခြေဖျက်ဆီးကာ အဘယ်ကြောင့် တစ်နှစ်ပတ်လုံး ခရီးသွားနေကြသနည်း၊ ယုတ်စွအဆုံး တိရစ္ဆာန်တွေသော်မှ မိုးဥတုမှာ ခရီးမထွက်ဘဲ အသိုက်မှာ နေကြတယ်"လို့ ပြောဆိုကဲ့ရဲ့ကြပါတယ်။ ဒါကြောင့် ဘုရားရှင်က "မိုးရာသီ သုံးလတာကာလပတ်လုံး ရဟန်းတော်များ ခရီးမထွက်ရ"လို့ ပညတ်တော်မူခဲ့ပါတယ်။ ဝါဆိုဝါကပ်ခြင်းမှာ ပုရိမဝါသ (ပထမဝါကပ်ခြင်း)နဲ့ ပစ္ဆိမဝါသ (ဒုတိယဝါကပ်ခြင်း)လို့ နှစ်မျိုးရှိပါတယ်။ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ ဝါဆိုဝါကပ်ခြင်းကို ပထမဝါကပ်ခြင်းလို့ ခေါ်တွင်ပြီး သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှာ ဝါကျွတ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှာ ဝါမဆိုလိုက်ရတဲ့ ရဟန်းသံဃာတွေအတွက် ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့မှာ ဝါဆိုဝါကပ်ပြုခြင်းကို ဒုတိယဝါကပ်ခြင်းလို့ ခေါ်ဆိုပြီး တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှာ ဝါကျွတ်ပါတယ်။

**ဝါဆိုသင်္ကန်းကပ်လှူပွဲ**

ဗုဒ္ဓဘာသာဝင်တို့ဟာ ဝါဆိုလမှာ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဆင်နွှဲကြပါတယ်။ မိုးများတဲ့လဖြစ်ရာ ရဟန်းတို့မှာ ဝတ်ရုံတွေကို မကြာခဏလဲလှယ်ရလို့ သင်္ကန်းလိုအပ်တဲ့အချိန်နဲ့လည်း တိုက်ဆိုင်နေပါတော့တယ်။ မိုးရေစိုတဲ့ဝတ်ရုံတွေကို လဲလှယ်ဖို့ ကပ်လှူတဲ့အတွက် ရေစိုခံသင်္ကန်း၊ အချိန်ကာလအလိုက် ကပ်လှူခြင်းဖြစ်တဲ့အတွက် ကာလဒါနသင်္ကန်း၊ ဝါဆိုရန်နီးကပ်တဲ့အချိန်နဲ့ ဝါတွင်းကာလမှာကပ်လှူတာတွေကို ဝါဆိုသင်္ကန်းရယ်လို့အမျိုးမျိုး ခေါ်ဆိုကြပါတယ်။ ဝါဆိုသင်္ကန်းကပ်လှူရခြင်းကြောင့် ရရှိနိုင်တဲ့ အကျိုးခုနစ်ပါးရှိပါတယ်။ ဒါတွေကတော့ အဝတ်အထည်အတွက် စိုးရိမ်သောကမဖြစ်ရပါ။ အသားအရေမှာ ရွှေရောင်ကဲ့သို့ ဝင်းဝါနေတာ၊ မိမိခန္ဓာကိုယ်မှ နှစ်လိုဖွယ်အရောင်ထွက်ပေါ်တာ၊ အသားအရေနူးညံ့ချောမွေ့တာ၊ ခန္ဓာကိုယ်မှာ မှဲ့ခြောက်၊ တင်းတိတ်စတဲ့ အညစ်အကြေးတို့မရှိတာ၊ အဝတ်အထည်တွေ အလွယ်တကူရရှိနိုင်တာနဲ့ ကိလေသာကုန်ခန်းကာ ရဟန္တာကေန်ဖြစ်ရတာ စတဲ့အကျိုးကျေးဇူးတွေကို ခံစားရပါမယ်။

**လယ်ကွင်းပြင်မှာ ရေဖွေးဖွေး**

"ဝါဆိုဝါခေါင် ရေဖောင်ဖောင်" ဆိုတဲ့စကားအရ ဝါဆိုလမှာ အေးမြစိုပြည်သောလတစ်လဖြစ်ပါတယ်။ လယ်ကွင်းပြင်မှာ ရေဖွေးဖွေးနဲ့ ရှုမဆုံးဖြစ်နေပါတယ်။ မိုးရာသီကို ချင်းနင်းဝင်ရောက်လာရာ တောင်သူဦးကြီးတို့ဟာ လယ်ယာမြေတွေမှာ ကောက်ပဲသီးနှံတွေကို စိုက်ပျိုးကြပါတယ်။ ကောက်ပင်ပျိုးပင်တွေမှာလည်း ရှင်သန်ကြီးထွားနေကြပါတယ်။ ဒါကြောင့် တောင်သူလယ်သမားတွေ အားတက်ပျော်ရွှင်တဲ့လလို့လည်း ဆိုရပါမယ်။ ဗုဒ္ဓဘာသာဝင်တို့ဟာ ဝါဆိုလမှာ ရဟန်းခံရှင်ပြုပွဲတွေကို ကျင်းပကြပါတယ်။ ဝါတွင်းသုံးလတာကာလပတ်လုံး ဘုရားကျောင်းကန်တွေမှာ ဥပုသ်သီတင်းဆောက်တည်ကြပါတယ်။ နိဗ္ဗာန်ဆော်အဖွဲ့ရဲ့ ဆွမ်းချက်ရန် နှိုးဆော်တဲ့အသံကိုလည်း ကြားနေရပါတယ်။ ကျေးလက်တောရွာတွေမှာ မုန့်ဖက်ထုပ်၊ မုန့်ကျွဲသည်း၊ မုန့်ဆီကြော် စတဲ့မြန်မာမုန့်မျိုးစုံတို့ကို ပြုလုပ်ကာ တစ်အိမ်တက်တစ်အိမ်ဆင်း ပေးကမ်းမှုမှာလည်း ချစ်စရာ မြန်မာ့ဓလေ့တစ်ခုလို့ ဆိုရပါမယ်။

